စိတ်ကူးချိုချိအနုပညာ







# အလှရှာတော်ပုံ

# (၂)

## ပေါ်သစ်

*













ယခု ပေါ်သစ်၏စာအုပ်သည် ယဉ်ကျေးမှုစွမ်းအားစုကို ထူထောင်ရာ၌ အားထုတ်မှုတစ်ခု ဖြစ်သည်ဟုယုံကြည်မိပေသည်။ ဝတ္ထုကဗျာများ ထွက်နေရုံနှင့် မပြီး။ စာပေရေးရာသဘောတရား ရှင်းလင်းချက်များ ထုတ်ဝေခြင်းဖြင့်လည်း စာဖတ်ပရိသတ်အား စာပေအနုပညာသဘာဝကို နားလည်အောင်ပျိုးထောင်ပြုစုပေးရပေမည်။ ထို့အတူ ပန်းချီပြခန်းများ ဖွင့်လှစ်ပေးရုံနှင့် မပြီး။ ပန်းချီပရိသတ်အား ပန်းချီအနုပညာကိုခံစားစေရန်သဘောတရားများကိုလည်းဖြန့်ဝေပေးရပေမည်။

ပန်းချီကားများ ပေါ်ထွက်လာရုံနှင့် မပြီး။ ပန်းချီအလှခံစားသော ပရိသတ် ကျယ်ဝန်းလာဖို့လည်းလိုသည်။ အနုပညာနှင့် အနုပညာခံစားမှုပရိသတ်၊ တစ်နည်းဆိုလျှင် ယဉ်ကျေးမှုနှင့် ပြည်သူသည် ရေမြင့်မှ ကြာတင့်ပေမည်။

ယခု ပေါ်သစ်၏ အလှရှာတော်ပုံစာအုပ်သည်

အနုပညာသဘောရေးရာနှင့် ကမ္ဘာ့ပန်းချီရာဇဝင်ကို နောက်ကားခံကာ မြန်မာပန်းချီရာဇဝင်ချုပ်နှင့် ယနေ့ပန်းချီပညာပြဿနာများကို ပြည့်စုံစွာ ဖော်ပြထားပေရာ ပန်းချီအနုပညာအကဲဖြတ်သူများ၏ လက်စွဲဖြစ်သင့်ပေသည်။ ယဉ်ကျေးမှုအင်အား ဖြည့်တင်းရေး၌ ပြည်သူ့ဘက်မှအားတစ်အားဖြစ်ပေသတည်း။

ဒဂုန်တာရာ

အလှရှာတော်ပုံ(၁)မှအမှာ





nf0031
3500.00 Ks

mgyoe.com

အလှူရှာတော်ပုံ(၂)၊ ပေါ်သစ်
စာမျက်နှာ ၁၈၁ မျက်နှာ၊ ၁၈.၅ စင်တီ× ၂၅.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းဟာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၆၊ ဇူလိုင်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၃၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■

# အလှရှာတော်ပုံ
# (၂)
## ပေါ်သစ်

ပထမအကြိမ်၊ ၂၀၁၆

mgyoe.com

ဆရာကြီးဦးဝင်းတင်(ပေါ်သစ်)ရဲ့
ပန်းချီဆောင်းပါးလက်ရာမွန် လက်ကျန်များကို
ကိုအောင်မြင့်ဦး(လူထုစာကြည့်တိုက်)ရဲ့ အားထုတ်စုဆောင်းပေးမှုကြောင့်
အလှူရှာတော်ပုံ(၂)အဖြစ် စုစည်းထုတ်ဝေဖြစ်တာ ဖြစ်ပါတယ်။
တချို့ဆောင်းပါးတွေကို ထပ်မံတွေ့ရှိပေမယ့်လည်း
ပြည်တွင်းပန်းချီပြပွဲ ဝေဖန်ချက်တွေဖြစ်ပြီး
ပန်းချီကားတွေကို သေချာပူးတွဲ မတင်ပြနိုင်တော့တာမို့
ချန်ထားခဲ့ရပါတယ်။ ဒီစာအုပ်ဖြစ်မြောက်လာခြင်းအတွက်
ကိုအောင်မြင့်ဦး(လူထုစာကြည့်တိုက်)နဲ့
ဆောင်းပါးတစ်ချို့ ထပ်ဖြည့်ရှာပေးတဲ့ ဆရာမြတ်သက်တို့ကို
အထူးကျေးဇူးမှတ်တမ်းပြုပါတယ်။

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | နှစ်ပေါင်း ၆၀ ကျော်က မြန်မာပြည်ရောက် ပန်းချီခရီးသည် | ၁ |
| ၂။ | မြန်မာ မိုနာလီဇာ | ၇ |
| ၃။ | ခမ္ဘရောင်ပြန် | ၁၆ |
| ၄။ | မော်ဒန်ဟန်နဲ့ မြန်မာရနံ့ | ၂၁ |
| ၅။ | ရိုးရာ ပေရေးပန်းချီ | ၂၈ |
| ၆။ | ပုရပိုက် ပန်းချီ | ၃၁ |
| ၇။ | ရေခဲခေတ်ပန် | ၃၆ |
| ၈။ | သရုပ်ဖော်ပန်းချီ | ၄၃ |
| ၉။ | ကွန်ပျူတာ ပန် | ၄၉ |
| ၁၀။ | ရသနှင့် လူမှု | ၅၄ |
| ၁၁။ | အကျည်းတန်အလှ | ၆၀ |
| ၁၂။ | ကစဥ့်ကလျား အနုပညာ | ၆၆ |
| ၁၃။ | မိုက်ကယ် အိန်ဂျယ်လို | ၇၀ |
| ၁၄။ | မိုက်ကယ်အိန်ဂျယ်လို (၂) | ၇၇ |
| ၁၅။ | ၂၀ ရာစု၏ မိုက်ကယ်အိန်ဂျယ်လို (ဟင်နရီမိုး၏ ဘဝနှင့်လက်ရာ) | ၈၃ |
| ၁၆။ | အလင်းအိမ်ထဲကဇော (ဗန်ဂိုးနှင့် သူ့စာတွေထဲက သူ့အမြင်) | ၉၁ |
| ၁၇။ | သိန်းနှစ်ထောင်ငါးရာကျော်တန် ဗန်ဂိုးလက်ရာ | ၁၀၁ |
| ၁၈။ | သုံးဆယ့်နှစ်ကုဋေတန် ဗန်ဂိုးပန်းချီကား | ၁၀၈ |
| ၁၉။ | ကမ္ဘာ့ပန်းချီပန်းပုသမိုင်းမှ မိန်းမသား | ၁၁၄ |
| ၂၀။ | ကမ္ဘာ့ပန်းချီပန်းပုသမိုင်းမှ မိန်းမသား(၂) စွဲမက်မှုတင်စားချက် | ၁၂၀ |


mgyoe.com

mgyoe.com
၂၁။ ကမ္ဘာ့ပန်းချီပန်းပုသမိုင်းမှ မိန်းမသား(၃) သီးချိန်သီးလို့ ပွင့်ချိန်ပွင့်လို့သာရယ် ၁၂၇
၂၂။ ရာဖိန္ဒြာနတ်တကိုး ၁၃၃
၂၃။ တရုတ်ပန်းချီကျော်ကြီး ချန်တာ့ချိန် ၁၄၀.
၂၄။ အရိုင်းဘုံမှာ အလှရှာသူ ဂေါဂန်နှင့် သူ့စာတွေထဲက သူ့အမြင် ၁၄၅
၂၅။ ဂမ္ဘီရပြုး၏ မဆုံးဇာတ်လမ်း ၁၅၃
၂၆။ ဖန်တရာတေရှင် ပေါ့နှင့် အင်ဒီဝါးဟိုး ၁၆၀
၂၇။ ရောင်စုံဆေးနှင့် တေးဖွဲ့သီ ၁၆၆
၂၈။ အိပ်မက်ပုံရိပ် စိတ်ဌာပနာ ၁၇၁
၂၉။ ခြေသလုံးအိမ်တိုင်ဟန် (ဖိလစ်ဂပ်စတင်နှင့် တွေ့ဆုံခြင်း) ၁၇၆

❐

mgyoe.com

mgyoe.com


# နှစ်ပေါင်း ၆၀ ကျော်က မြန်မာပြည်ရောက် ပန်းချီခရီးသည်

(၁)

မတ်လ ၁၅ ရက်ထုတ် အိုးဝေတွင် "ပန်းချီကျော်ရေးဆွဲခဲ့သော မြန်မာအမျိုးသမီးပုံများ" ဆောင်းပါးကို ဖတ်ရပါသည်။ အလွန်စိတ်ဝင်စားဖွယ် ကောင်းပါ၏။

## ဤစာအုပ်

ထိုဆောင်းပါးကို ဖတ်ရသောအခါ မြန်မာ့မျက်နှာ မြန်မာ့ စရိုက် မြန်မာ့ရှုခင်းကို ချီးပဂုဏ်တင်ခဲ့သော ပန်းချီဆရာတစ်ဦး ၏ခရီးသွားမှတ်တမ်းစာအုပ်ကို သတိရမိပါသည်။

ထိုခရီးသည် ပန်းချီဆရာမှာ ဒဗလျူဂျီဘန်းမားဒေါက်ဆိုသူ ဖြစ်သည်။ စကော့တလန်ပြည်သား ပန်းချီဆရာတစ်ဦးဖြစ်သည်။ ၁၉၀၅–ခုနှစ်တွင် အိန္ဒိယပြည်နှင့် မြန်မာပြည်သို့ ခရီးထွက်ခဲ့သည်။ မြန်မာပြည်သို့ ၁၉၀၆–ခုနှစ် ဇန်နဝါရီလဆန်းတွင် ရောက်လာပြီး မတ်လဆန်းအထိ နေထိုင် လှည့်လည် သွားသည်။

## ခရီးရှည်

သူ့ခရီးမှာ ဧရာဝတီမြစ်ရိုးကို ဆန်တက်ပြီး ဗန်းမော်အရောက်၊ ဗန်းမော်မှတစ်ဆင့် တရုတ်နယ်စပ် အရောက် ဆန်ခဲ့သော ခရီးရှည်ကြီးဖြစ်သည်။

ထိုခရီးကို "အီဒင်ဘာရာမှ အိန္ဒိယနှင့် မြန်မာပြည်သို့" အမည်ဖြင့် စာအုပ်ထုတ်သည်။ ပန်းချီပုံကြမ်းများ၊ ရောင်စုံပုံများဖြင့် ဝေဝေဆာဆာရိုက်နှိပ်ထားသည်။

နှစ်ပေါင်း ၆၀ ကျော်ခဲ့လေပြီ။

mgyoe.com

(၂)

မြန်မာနိုင်ငံသို့ နိုင်ငံခြားသားများ ပေါက်ရောက်မှုသည် သရေ ခေတ္တရာခေတ် ပုဂံခေတ် မတိုင်မီကပင် ရှိခဲ့ပေလိမ့်မည်။

မာကိုပိုလိုမှအစပြုသော ဥရောပခရီးသည်များ အခြား တရုတ် ကုလား ခရီးသည်များသည် မြန်မာနိုင်ငံ၏ 'အံ့ဖွယ်' တို့ကို စာပန်းချီ ဖွဲ့သီရေးခြယ်သွားခဲ့ကြသော်လည်း တကယ့်ပန်းချီရေးခြယ်ခဲ့သည်ကိုကား မတွေ့ရသေးပေ။

**မှတ်တမ်းမျှသာ**

အင်္ဂလိပ်မြန်မာ ပထမစစ်ပွဲ ၁၈၂၄ တွင် လိုက်ပါပြီး စစ်ပွဲရှုခင်း များကို ရေးဆွဲခဲ့သော မာရီယတ်သွန်တန်နှင့် မိုး အမည်ရှိ ပန်းချီ ဆရာနှစ်ဦး၏ လက်ရာများ၊ ဂါရီဆန်ဆိုသူ၏ လက်ရာများ၊ အင်္ဂလိပ်မြန်မာ ဒုတိယစစ်ပွဲမဖြစ်မီ ၁၈၄၆ ခုနှစ်တွင် "ရန်ကုန်သို့ ခရီးကြမ်းတစ်ခေါက်" အမည်ဖြင့် ထုတ်ဝေခဲ့သော စာအုပ်မှ အင်္ဂလိပ်ပန်းချီဆရာ ဂရန့်၏ ရန်ကုန်ရှုခင်းလက်ရာများ ဒုတိယ အင်္ဂလိပ်မြန်မာ စစ်ပွဲအပြီးတွင် လန်ဒန်ရုပ်စုံမဂ္ဂဇင်း၌ အင်္ဂလိပ်ပန်းချီများရေးဆွဲခဲ့သည့်မြန်မာ့ရှုခင်း လက်ရာများကို တွေ့ခဲ့ဖူးပါ၏။ သို့သော် ထိုပန်းချီတို့သည် မှတ်တမ်းမျှသာတည်း။

ပန်းချီဆရာ၏ မြန်မာ့ရေမြေတောတောင်နှင့် မြန်မာ့ဓလေ့စရိုက်အပေါ် မြတ်နိုးနှစ်လိုမှုစေတနာကား ရှိလှကြမည်မထင်ပါ။

**စကော့တလန်သား**

မားဒေါက်ကားပန်းချီဆရာ အနုပညာရှင်လည်း ဖြစ်၊ စကော့တလန် တောင်ပေါ်သားလည်းဖြစ်၊ မြန်မာကို ချစ်၍ မြတ်နိုးသော မစ္စတာ ဖီလ်ဒင်းဟောလိုဂျိမ်းဂျော့စကော့ (ရွှေရိုး) လိုပုဂ္ဂိုလ်များနှင့်လည်း ရင်းနှီးသူ ဖြစ်လေသည်။

၁၈၈၄ ခုနှစ်တွင် ရွှေရိုးသည် ဗမာ (သူ့ဘဝနှင့် သူ့စရိုက်) ကို ထုတ်ဝေခဲ့သည်။ ၁၈၉၈ ခုနှစ်တွင် ဖီးလ်ဒင်းဟောသည် "လူမျိုးတစ်မျိုး၏ဝိညာဉ်" အမည်ရှိ စာအုပ်ကို ထုတ်ဝေခဲ့သည်။ ထိုစာအုပ်များသည် မြန်မာကို နှစ်လိုမြတ်နိုးသော စာအုပ်များ ဖြစ်သည်။ ထိုစာအုပ်များနှင့် ထိုစာရေးဆရာများကို ချစ်သော မားဒေါက်သည် ထိုစာရေးဆရာများချစ်သော မြန်မာကိုချစ်သော အမြင်ဖြင့် ရေးခြယ်ခဲ့သည်။ စာရေးခဲ့သလို ပန်းချီခြယ်ခဲ့သည်။



ဒဗလျူဂျီဘန်းမားဒေါက်

(၃)

မားဒေါက်သည် အိန္ဒိယကို ဦးစွာဖြတ်ကျော်လာခဲ့၏။ မြန်မာမြေပေါ်သို့ မရောက်မီ မိုင် ၂၀ အကွာ ကပင် ရွှေတိဂုံစေတီတော်ကြီးကို လှမ်းမျှော်ဖူးမြင်ရသည်။

mgyoe.com





 ပုသိမ်သို့ သင်္ဘောဖြင့် အသွားလမ်း၌ တွေ့ရသော ဆိပ်ကမ်းသာ ရွာကလေးပုံ

ဖန်းဖော်သို့ သင်္ဘောခရီး တစ်နေရာကမ်းခြေမှ ဈေးသင်္ဘောစောင့်နေကြပုံ ပန်းချီကား

လူ့ကမ္ဘာနှင့် ကောင်းကင်ဘုံကို အတွေးကြောဆက်ပေးသော အသွင်သဏ္ဌာန်ကို အကောင်းမြတ်ဆုံး ဖော်ပြသည်။

ကျွန်ုပ်တို့ ဘုရားရှိခိုးကျောင်းပုံစံထက် ကြည်ညိုဖွယ်ကောင်းသည်ဟု ရေးသည်။

**ချိုအေးလေစွ**

မြန်မာ့ရေမြေတောတောင်ကို မြင်ရသောအခါ နော်ဝေးနိုင်ငံတော်ကလေးလို ချိုအေးလေစွ၊ ပြင်သစ်ပြည် သိန်းမြစ်ရေလို ကြည်မြလေစွ၊ စကော့တလန်တောင်လို ညို့မှိုင်းလေစွဟု ရေးသည်။

**ရုပ်သိမ်းသည်**

မြန်မာလူမျိုးတို့၏ ရွှင်ပြုံးသော မျက်နှာနှင့် နှစ်လို ဖွယ်သော ဓလေ့စရိုက်ကိုမြင်သောအခါ ကုလားတွေနှင့် ကွာလိုက်လေ။ အိန္ဒိယပြည် အိန္ဒိယရှုခင်း အိန္ဒိယ လူမျိုးများကို စွဲမက်ဖွယ်ကောင်းသည်ဟု ကျွန်ုပ်ရေးခဲ့ခြင်းကို ပြန်လည်ရုပ်သိမ်းပါသည်။ မြန်မာနှင့် နှိုင်းယှဉ်သောအခါ အိန္ဒိယသည် အကျည်းတန်ပါဘိဟု ရေးသည်။

**ဆင်မယဉ်သာလို**

မြန်မာအမျိုးသမီးများသည် ဆင်မယဉ်သာ ရွှေ့လျားမှုမျိုးကို ငယ်စဉ်ကပင် တတ်သိသည်။ ဝင်ရိုးစွန်းရေခဲလို သက်ငြိမ်သိမ်မွေ့သော အရောင်၊ အပူပိုင်းဒေသ နေဝင်ဆည်းဆာလို ရွှန်းပသောအရောင်တို့ကို အလှပဆုံး ပေါင်းစပ်ဆင်ယင် ထုံးဖွဲ့ထားသည်ဟု ရေးသည်။

မားဒေါက်၏ရေးသားချက်တို့သည် အနုပညာရှင်တစ်ဦး၏ ခံစားချက်မှ ပေါက်ဖွားလာသော ရိုးသားသော ထင်မြင်ချက်များဖြစ်လေသည်။

mgyoe.com

mgyoe.com





မြန်မာစောင်းဆရာကြီးတစ်ဦး စောင်းတီးဟန်

မဟာမြတ်မုနိဘုရားအတွင်း ပန်းချီကားပုံ

(၄)

မားဒေါက်သည် ဧရာဝတီ မြစ်ရိုးကိုဆန်တက်ရင်း မြန်မာ့ဓလေ့စရိုက်နှင့် သဘာဝရှုခင်းကို ပန်းချီများ ရေးခြယ်ခဲ့သည်။

မန္တလေးသို့ ရောက်စဉ် မဟာမြတ်မုနိဘုရားကြီးသို့ ၃ ကြိမ်သွားရောက်ပြီး ပန်းချီရေးဆွဲခဲ့သည်။

## မြန်မာ့စောင်း

မြန်မာ့စောင်းဆရာကြီးတစ်ဦး၏ ပုံကိုပန်းချီရေးဆွဲ ပြီး ထိုစောင်းကြီးကို ဝယ်သွားသည်။ ဤစောင်းကြီးသည် သီပေါမင်း၏ညီတော်မင်းသားတစ်ပါး၏ စောင်း ဖြစ်သည်ဟု ဆိုပါသည်။ ဤစောင်းကြီးကို နောင်အခါ မြန်မာ့အမျိုးသားပြတိုက်တွင် အလိုရှိလျှင် ပြန်အပ်ပါမည်ဟု ရေးသားထားလေသည်။

## ယုံပါသည်

သီပေါမင်းပါတော်မူချိန်တွင် မြန်မာပြည်သူတစ်ရပ် လုံး မျက်ရည်မဆည်နိုင်ရှိခဲ့ကြသည်။ အင်္ဂလိပ်များ မသိမ်းခင်က မြန်မာပြည်ကြီး သာယာဝပြောခဲ့သည်။ ငွေ တစ်ကျပ်ရှိလျှင် သုံးမကုန်အောင် ရှိခဲ့သည်ဟု ဆိုကြသည်။ ကျွန်ုပ်ယုံကြည်မိပါသည်ဟုလည်း ရေးခဲ့သည်။

mgyoe.com

 gyo.com 

## နှစ် ၆၀ က

မားဒေါက်သည် စုတ်တံကို လက်ကမချ မြန်မာ့ဘဝနှင့် သွင်ပြင်ကို ရေးခြယ်ခဲ့သည်ဟု ဆိုသည်။ သို့သော် လွန်ခဲ့သော နှစ်ပေါင်း ၆၀ ကျော် စာအုပ်ထုတ်ဝေရာ၌ ဘလောက်ဈေးကြီးလှ၍ ပုံများများစားစား ဖော်ပြနိုင်ခြင်းမရှိဟု ယူဆရပါသည်။

ကချင်အမျိုးသမီးပုံ၊ မြန်မာအမျိုးသမီးပုံ၊ စောင်းအိုရှင်ပုံ၊ ရွှေတိဂုံစောင်းတန်းပုံ၊ မဟာမုနိဘုရားကြီးပုံ မှအစ လမ်းဘေးဈေးသည်ပုံ၊ ကျေးရွာပုံ၊ အမဲလိုက်ပုံ၊ ငါးဖျားပုံများ အပါအဝင် ပုံပေါင်း ၅၀ ကျော် ရေးဆွဲဖော်ပြထားသည်ကို တွေ့ရလေသည်။

(၅)

ကချင်အမျိုးသမီး၏ပုံကို ရေးဆွဲရာ၌ မားဒေါက်သည် ၎င်း၏စာအုပ်၌ ဤသို့ ရေးသားခဲ့လေသည်။

“. . . သူ့ကို ကြည့်စမ်းပါ။ မလှဘူးလား . . .။ သူက သူ့အသက် ၁၇ နှစ်ဟု ပြောသည်။ ရုက်နေပုံလည်း ရသည်။ သူ့မျက်လုံးအစုံကို ကြည့်လျှင် “လူမျိုး မာန” ရှိသည်ဟု ပြောနိုင်သည်။ ရှေးဟောင်း မွန်ဂိုလူမျိုးတို့၏ အတိတ်ဖြစ်ရပ်များကို ပြန်လည်ပြောကြားနေသည်နှင့်လည်း တူလှသည်။

သူ့အဝတ်အစားများကား တောက်ပြောင်လှသည်။ အနီကွပ်ထားသည့် ကတ္တီပါအနက်၊ အညိုရောင်၊ ငွေရောင်တို့ဖြင့် တောက်ပလှသည်။ + + + ကျွန်တော် ပန်းချီရေးဆွဲနေစဉ်ပင် မြန်မာများနှင့် တိုင်းရင်းသား



ကသာတွင် အထက်ပါ ကသာသူတစ်ဦးကို ရေးဆွဲခဲ့သည်



ဗန်းမော်ဈေးအတွင်း အရုပ်ပုသော ကချင်ဇနီးသည်နှင့် ခင်ပွန်းစုံတွဲ၊ ရှမ်းမြန်မာအမျိုးသမီးတစ်ဦး၊ တရုတ်မ၊ ဆစ်လူမျိုး ပန်ချာပီ ဆစ်လူမျိုးတစ်ဦး စသဖြင့် တွေ့ရပုံကို ဤသို့ရေးဆွဲထားသည်

mgyoe.com

mgyoe.com
လူမျိုးတစ်စု ကျွန်တော့်အနီး ဝိုင်းထိုင်ပြီး ပန်းချီဆွဲနေသည်ကို ကြည့်နေကြသည်။ သူတို့သည် ဝဝကစ်ကစ် လှလှပပ ကလေးမသည် စက္ကူပေါ်တွင် ရောင်စုံပေါ်လာသည်ကို အလွန်သဘောကြဟန်တူသည် + +"

ဤဆောင်းပါးနှင့်အတူ ပူးတွဲပါရှိသော မြန်မာအမျိုးသမီး၏ပုံကို ရေးဆွဲရာ၌လည်း ဤသို့ ဖော်ပြရေးသားခဲ့ပြန်သည်။

"မြန်မာအမျိုးသမီးကြီးတစ်ယောက်ကို သမီးငယ်ကလေးနှင့်အတူ တွေ့ရသည်။ မိခင်ဖြစ်သူ၏လက်တွင်းဝယ် ငွေဓားနှစ်လက်ပါလာသည်။ ထိုငွေဓားများမှာ ရောင်းရန်ဖြစ်သည်။ ကျွန်တော် တစ်လက်ဝယ်လိုက်သည်။ ပြီးနောက် သမီးငယ်၏ပုံကို ကျွန်တော်ဆွဲသည် . . ."

"သူကား သာမန်မိန်းကလေးတစ်ဦးမျှသာ ဖြစ်သည်။ အလှဆုံးဟုလည်း မဆိုနိုင် . . .။ သူဝတ်ထားသည့် ကတ္တီပါအစိမ်းအင်္ကျီကို ဤဘက်တွင် အမျိုးသမီးများ မကြာခဏဝတ်ဆင်သည်ကို တွေ့ရမည်ဖြစ်သော်လည်း တောင်ပိုင်းရောက်သော် အင်္ကျီဖြူ အဝတ်များသည်ကို တွေ့ရသည် . . ."

တစ်ဖန် ဗန်းမော်မှ ပြန်အထွက်တွင် ဤသို့ရေးခဲ့သည်။

". . . ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင် ဗန်းမော်မှ ထွက်ခဲ့ကြသည်။ ဗန်းမော် . . . အလွန်သာယာသော ဗန်းမော်ရေ သွားတော့မယ်နော် . . . ဗန်းမော်ရေငိုပေတော့ . . .။ ကျုပ်တို့လည်း ငိုကြရသည်. . .။ သို့သော် တစ်နေ့တော့ ပြန်ဆုံကြလိမ့်မည်ဟူသော မျှော်လင့်ချက်ဖြင့် . . . ကျုပ်တို့ပြန်ကြပါပြီ . . . "

ဟူသတည်း။

(၆)

လွန်ခဲ့သော နှစ်ပေါင်း ၆၀ က စေတနာဗရပွဖြင့် မြန်မာကို ကမ္ဘာနှင့် မိတ်ဆက်ပေးခဲ့သော မားဒေါက်ကို ကျွန်တော်တို့ ကျေးဇူးတင်မိပါသည်။

ထို့ထက်သီပေါမင်း၏ ညီတော်မင်းသားတစ်ပါး ပိုင်သည်ဆိုသော မားဒေါက် ဝယ်ယူသွားသည့် စောင်းကြီးကို (မားဒေါက်၏ ဆန္ဒအတိုင်း) အမျိုးသားပြတိုက်အတွက် ပြန်လည်ရရှိသော် ကောင်းလေစွဟု ကျွန်တော်တို့ တောင့်တမိပါ၏။ ။

ပေါ်သစ်

အိုးဝေဂျာနယ်၊ အမှတ် ၁၆၊ (၃၁၊ မတ်၊ ၁၉၆၉)

mgyoe.com

mgyoe.com

# မြန်မာ မိုနာလီဇာ

## (၁)

"ပန်းချီကား တစ်ကား အသက်ဝင်လာခြင်း"

ဤခေါင်းစဉ်ပါဆောင်းပါးတစ်ပုဒ်ကို ဩစတြေးလျနိုင်ငံထုတ် စာစောင်တစ်ခုတွင် ဖတ်ရသည်။

"သူ့စိတ်ကူးကမ္ဘာထဲက မိုနာလီဇာနှင့် ကိုယ်တိုင်ကိုယ်ကျ တွေ့လိုက်ရသည်မှာ ပီတာဗတ်ဆက်အဖို့ တစ်သက်မမေ့နိုင်စရာ ဖြစ်တော့သည်"

ဟုဆောင်းပါးတွင် စကားချီးထားသည်။ (မိုနာလီဇာ။ ။ကမ္ဘာပေါ်တွင် အကျော်ကြားဆုံး ပန်းချီလက်ရာ၊ အပြုံးရှင် အီတလီအမျိုးသမီးတစ်ဦး၏ ရုပ်ပုံလွှာ၊ လက်ရာရှင်မှာ အီတလီလူမျိုး ပန်းချီကျော် လီယိုနာဒို ဒါဗင်ချီ(၁၄၅၂–၁၅၁၉) ဖြစ်သည်။

ပီတာဗတ်ဆက်သည် မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျသံရုံးတွင် ပထမအတွင်းဝန်အဖြစ် တာဝန်ထမ်းသွားဖူးသူဖြစ်သည်။ မြန်မာနိုင်ငံသို့ ရောက်မလာမီ လန်ဒန်နှင့် မော်စကိုတို့တွင် သံတမန်တာဝန်များ ထမ်းဆောင်ခဲ့သည်။

ထိုကာလတစ်လျှောက်လုံး ဗတ်ဆက်သွားလေရာ အမြတ်တနိုး သယ်ဆောင်သွားသည့် အနုပညာပစ္စည်းတစ်ခုရှိသည်။ အာရှတိုက်ဖွား အမျိုးသမီးငယ်တစ်ဦး၏ ပုံတူပန်းချီပုံပွားတစ်ခု ဖြစ်လေသည်။ ထိုပုံတူပန်းချီကို ရောက်လေရာအရပ်၊ နေလေရာအိမ်၏ ဧည့်ခန်းဆောင်တွင် တမြတ်တနိုး ချိတ်ဆွဲထားလေ့ရှိခဲ့သည်။

ပုံပွားပန်းချီလက်ရာသည် တစ်ခေတ်တစ်ခါက ဗြိတိသျှ တော်ဝင်ပန်းချီအသင်းကြီး၏ဥက္ကဋ္ဌအဖြစ် တင်မြှောက်ခြင်းခံရသည့် ဆာဘွဲ့ရ ဂျရယ်ကယ်လီ၏ လက်ရာတစ်ခုဖြစ်ကြောင်းမျှလောက်သာ ဗတ်ဆက်သိထားခဲ့သည်။ ရုပ်ပုံလွှာရှင်ကို ဘယ်သူဘယ်ဝါမှန်း မသိ။ ဘယ်နိုင်ငံ၊ ဘယ်ဒေသသူမှန်းကိုပင် မသိ။

ကြုံကြုံကြိုက်ကြိုက် မြန်မာနိုင်ငံသို့ တာဝန်ဖြင့် ရောက်လာမှ ဇာတ်ပေါင်းမိတော့သည်။

"၁၉၈၀ မှာ ပန်းချီကားထဲကအမျိုးသမီးကြီးနဲ့ တွေ့ရတော့တာပါပဲဗျို့။ မိုနာလီဇာကို အသက်ထင်ရှား

mgyoe.com

တွေ့လိုက်ရတာမျိုးနဲ့ မတူဘူးလို့ မဆိုနိုင်လောက်အောင်ကို စိတ်ထဲမှာ လိုက်လှဲခံစားရတယ်ဗျာ"

ဟု ဗတ်ဆက်က တအံ့တသြပြောပြသည်။

ရုပ်ပုံလွှာရှင်သည် ကွယ်လွန်သူ သီပေါစော်ဘွားကြီး စဝ်အုံကြာ၏ ခယ်မတော် စဝ်အုန်းညွန့် ဖြစ်လေသည်။

ပုံတူ ပန်းချီဆွဲစဉ်က စဝ်အုန်းညွှန့်သည် အသက် ၁၉ နှစ်သာ ရှိသေးသည်။ ၁၉၃၁ က ပန်းချီဆွဲခဲ့ခြင်းဖြစ်သည်။ ပန်းချီလက်ရာ၏ သက်တမ်းသည် ယခုအခါ နှစ်ပေါင်းငါးဆယ်ကျော်ခဲ့လေပြီ။

စဝ်အုန်းညွှန့် ဇရာထောင်းစပြုပြီ။ ၇၀ ကျော် ၈၀ ပိုင်းသို့ ဝင်လေပြီ။ သားသမီးမြေးမြစ်တွေနှင့် ဖြစ်နေလေပြီ။ ဆံဖြူသွားကြွေကိုယ်ရေတွန့်စပြုလေပြီ။ မျက်စိမှုန်သီ၊ မပီနားကြားဖြစ်စ ပြုလေပြီ။ ပုံတူပန်းချီထဲက ရုပ်ပုံလွှာလို မနွဲ့နှောင်းတော့။ မကြော့ရှင်းတော့။ မပျိုမျစ်တော့။

သခ်ါရတို့ကင်းဆိတ်သော သုညတနယ်ပယ်အပိုင်း အခြားသို့ ရောက်နေပြီဖြစ်သည့် ပုံတူပန်းချီကားထဲက စဝ်အုန်းညွှန့်နှင့်ကား မတူတော့လေပြီ။

(၂)

စဝ်အုန်းညွှန့် ပုံတူပန်းချီကားကိုရေးဆွဲခဲ့သူ ပန်းချီကျော်ကြီး ဆာဂျရယ်ကယ်လီ (၁၈၇၉ ဖွား) သည် ၁၉၇၂ ဇန်နဝါရီလတွင် ကွယ်လွန်ခဲ့သည်။ ကွယ်လွန်ချိန်တွင် အသက် ၉၂ နှစ်ရှိလေပြီ။

ကယ်လီသည် အိုင်းရစ်နွယ်ဖွားတစ်ဦးဖြစ်သည်။ ခရစ်ယာန်သာသနာဝန်ထမ်းတစ်ဦး၏သားဖြစ်သည်။ အီတန်၊ ကိန်းဗရစ် စသည့် အထက်တန်းလွှာကျောင်းများ၊ တက္ကသိုလ်များတွင် ပညာသင်ကြားခဲ့သည်။ ဖခင်ခြေရာနင်းလျက် သာသနာ့ဝန်ထမ်းလုပ်ရန် ရည်သန်ရင်း ရှိခဲ့သည်။ ရုပ်ရှင်မင်းသားလုပ်ရမလိုလို၊ ပန်းချီဆရာ လုပ်ရမလိုလို ချီတုံချတုံလည်း ဖြစ်ခဲ့ဖူးသေးသည်။



ဆာဂျရယ်ကယ်လီ



ရောပိုင်းသို့ ရောက်စပြုနေသည့် စဝ်အုန်းညွှန့်ကို ဆာဂျရယ်ကယ်လီရေးဆွဲသည့် သူ့ပုံတူပန်းချီပုံပွားကားချပ်ကြီးနှင့် အတူတွေ့ရစဉ်

mgyoe.com

mgyoe.com



၁၉၅၄ ပြိတိသျှတော်ဝင်ပန်းချီအသင်းကြီး၏ ပန်းချီပြပွဲတွင်
တင်သွင်းပြသခဲ့သည့် ဆာဂျရယ်ကယ်လီ၏ "ဝဝ်အုန်းညွန့်၊ အမှတ် ၅၊"အမည်ရှိ ပုံတူပန်းချီကား

mgyoe.com

mgyoe.com

ရုန်းကန်လှုပ်ရှားရင်း နောက်ဆုံးတွင် ကယ်လီ ပန်းချီဆရာဖြစ်လာသည်။ ဗြိတိသျှတော်ဝင် ပန်းချီ အသင်းကြီး၏ ဥက္ကဋ္ဌအဖြစ် တင်မြှောက်ခံရသည်အထိ အောင်မြင်ခဲ့သည်။ ၂၀ ရာစုတွင် ဥရောပ လူပုံတူရေး ပန်းချီဆရာများအနက် အထူးချွန်ဆုံးလက်ရာရှင်တစ်ဦး အပါအဝင် ဖြစ်လာသည်။ ၁၉၁၁ တွင် ကယ်လီ ရေးဆွဲခဲ့သည့် အင်္ဂလိပ်စာရေးဆရာကြီး ဆမ်းမားဆက်မောမ်၏ ပုံတူပန်းချီလက်ရာသည် ယနေ့အထိ အကျော် ကြားဆုံးလက်ရာ တစ်ခုဖြစ်လေသည်။ သူရေးဆွဲခဲ့သည့် ပန်းချီလက်ရာများတွင် ဗြိတိသျှမင်းစိုးရာဇာ အသိုင်း အဝိုင်း၏ ပုံတူပန်းချီကား အများဆုံးပါဝင်သည်။ (လက်ရှိ ဗြိတိသျှဘုရင်မကြီး၏ ခမည်းတော်နှင့် မယ်တော် ပုံတူများကို ၁၉၄၅ တွင် ရေးဆွဲခဲ့သည်။ ထိုနှစ်မှာပင် ကယ်လီဆာ ဘွဲ့ရသည်။) ၁၉၅၇ တွင် သူ့လက်ရာများကို တစ်ကိုယ်တော်ပြပွဲ ကျင်းပခဲ့ရာ လူပုံတူ ၂၅၀ ကျော်ပါဝင်သည်အထိ လူပုံတူပန်းချီဘက်၌ အားသွန်ခဲ့သည်။

၁၉၄၉ တွင် ဗြိတိသျှတော်ဝင်ပန်းချီအသင်းကြီး၏ ဥက္ကဋ္ဌအဖြစ် တင်မြှောက်ခြင်းခံရသည်။ ၁၉၅၄ အကုန် (အသက် ၇၅ သတ်မှတ်ချက်အပိုင်းအခြား) အထိ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သွားခဲ့သည်။ ကယ်လီ သည် အလွန်နိုးကြားတက်ကြွသူ၊ အပေါင်းအသင်း အသိုင်းအဝိုင်း ကြီးမားသူ၊ လူ့အလွှာစုံဝင်ဆံ့သူဖြစ်၍ သူဥက္ကဋ္ဌအဖြစ် ဆောင်ရွက်စဉ် နှစ်ကာလများအတွင်း တော်ဝင်အသင်းကြီး၏ လုပ်ငန်းဆောင်တာများ ထူးခြားစွာ တိုးတက်အောင်မြင်ခဲ့သည်။ အသက် ၇၀ ကျော်မှစ၍ ကွယ်လွန်ခါနီးအချိန်အထိ ပန်းချီ ပန်းပုဆိုင်ရာ ဟောပြောချက်များကို ဗြိတိသျှရုပ်မြင်သံကြားမှ အသံလွှင့်နေခဲ့သဖြင့် အနုပညာအသိအမြင် ဖြန့်ဖြူးသူအဖြစ် လူသိများခဲ့သည်။

ကယ်လီသည် စိတ်တိုင်းကျသမားဖြစ်သည်။ ကောင်းပေ့ ညွှန့်ပေ့ဆိုမှ ကြိုက်သည်။ စင်းလုံးချောဆို မှ ကြိုက်သည်။ သူ့လက်ရာမှန်သမျှကို စိတ်တိုင်းမကျမချင်း အလျဉ်းလက်မလွှတ်သူ ဖြစ်သည်။ ဆမ်းမား ဆက်မော်မ်၏ ပုံတူကို ၁၈ ကြိမ်တိတိ အပြန်ပြန်ဆွဲသည်။ ဇနီးဖြစ်သူ၏ ပုံတူကို 'ဂျိန်း' အမည်ပေးကာ ၃၄ နှစ် တိတိ နှစ်စဉ် ဆက်တိုက်ဆွဲသည်။ ထိုသို့ ပြပွဲ ၃၄ ကြိမ် တင်သွင်းနိုင်ရန် ပုံပေါင်း ၈၀ တိတိ ရေးဆွဲခဲ့သည်။

ကယ်လီ၏ ပန်းချီဟန်သည် တိကျသည်။ သပ်ရပ်သည်။ ဇီဇာကြောင်သည်ဟု ဆိုရမတတ် ဇေ့ဇေ့စပ် သည်။ အနုပညာဝေဖန်ရေးဆရာတို့က ကယ်လီ၏လက်ရာတို့ သည် ပြောင်မြောက်ကြပါပေ၏။ သို့ရာတွင် ဖက်လဲ တကင်းစိတ်ထား၊ ဟောဟောဒိုင်းဒိုင်း လုပ်ဟန်၊ တုံးတိုက် ကျားကိုက်စရိုက် စသော ပန်းချီဆရာ၏ ကိုယ်ရည်ကိုယ်သွေးတို့ကို ပန်းချီလက်ရာထဲတွင် အရိပ်အငွေ့ မျှမတွေ့ရ၍ ရင်သပ်ရှုမောဖြစ်ရခြင်းမရှိဟု အကဲဖြတ်ကြသည်။ ကယ်လီ၏ လက်ရာများ၌ ပန်းချီဆရာ၏ စိတ်ဓာတ်အာရုံနှင့် စရိုက်လက္ခဏာကို စနစ်နည်းနာနှင့် အတတ်ပညာက အရိုးအရွက်ဖုံးနေလေ့ရှိခြင်းကြောင့် ဝေဖန်ရေးဆရာတစ်ဦးကမူ ကယ်လီ တစ်ကိုယ်တော် ပန်းချီပြပွဲကို ဝေဖန်ရာ၌ 'ကယ်လီဘယ်များရောက်နေပါလိမ့်' ဟု ခေါင်းစဉ်တပ်ကာ ပန်းချီလက်ရာများတွင် ကယ်လီ၏လက်စွမ်းကိုသာ မြင်ရသည်။ ကယ်လီ၏ စိတ်စေတသိက် မနောအာရုံ တို့ကို မတွေ့ရဟူ၍ ရေးခဲ့ဖူးလေသည်။

(၃)

ကယ်လီသည် ၁၉၀၈ တွင် မြန်မာနိုင်ငံသို့ တစ်နှစ် နီးပါး လာရောက်လည်ပတ်ခဲ့သည်။ စာရေးဆရာ ကြီး ဆမ်းမားဆက်မော်မ်၏ တိုက်တွန်းမှု ထောက်ပံ့မှုဖြင့် မြန်မာနိုင်ငံသို့ အလည်အပတ်ခရီး လှည့်နိုင်ခဲ့

mgyoe.com

mgyoe.com
ခြင်းဖြစ်သည်။

ထိုအလည်အပတ်ခရီးမှ ပြန်လာချိန်ကစ၍ မြန်မာ့ ရှုခင်းပုံများ၊ စေတီပုထိုးပုံများ၊ တိုင်းရင်းဖွားပုံများကို အခါအခွင့်သင့်တိုင်း ရေးဆွဲပြသနေခဲ့သည်။ ကွယ်လွန်ခါနီးနှစ်ပိုင်းအထိ ဖြစ်သည်။

၁၉၆၄ တွင် သူ့မြန်မာလက်ရာတစ်ခုကို ပြပွဲတင်ခဲ့သည်။ ပေါင် စတာလင်ငွေနှစ်ထောင် (ကျပ်နှစ်သောင်းခွဲကျော်) ဖြင့် ရောင်းချခဲ့ရသည်။ ထိုနှစ်ကတော်ဝင် ပန်းချီအသင်းပြပွဲတွင် တင်သွင်းခဲ့သည့် ပန်းချီလက်ရာများအနက် ဈေးနှုန်းအမြင့်ဆုံး ရရှိလိုက်ခြင်းပင်ဖြစ်သည်။ ၁၉၆၉ တွင် စစ်အုန်းညွန့်၏ ပုံတူပန်းချီလက်ရာသစ် တစ်ခုကို ပြပွဲတင်သွင်းခဲ့သည်။ ပေါင်စတာလင်ငွေ ၁၅၀၀ ဖြင့် ရောင်းခဲ့ရသည်။

ကယ်လီသည် လူပုံတူပန်းချီရေးဆွဲရာ၌ အလွန်မတန် စေ့စပ်သေချာသူဖြစ်သည်။ ခြေချော်လက်ချော် လုံးဝမဖြစ်စေရ။ အတိမ်းအစောင်း အလျဉ်းမရှိစေရ။ အသွင်သဏ္ဌာန်တိကျစေရန်အတွက် ရွှေးစေ့ခန့်အကွက်ကလေးများ ဇယားချကာ ဆစ်ပိုင်းရေးဆွဲလေ့ရှိသည်။ အရောင်အသွေးသန့်စင်စေရန်အတွက် စုတ်တစ်ချောင်း၊ ဆေးတစ်ခါတို့၊ ပတ္တူပေါ်တစ်ချက်ဆွဲ၊ ပြီးလျှင် နောက် စုတ်တစ်ချောင်းကိုင် စသဖြင့် ခြယ်မှုန်းရေးဆွဲလေ့ရှိသည်။ ကယ်လီတစ်နေ့တာပန်းချီရေးဆွဲပြီးချိန်တွင် သူ့ပန်းချီခန်း လက်ထောက်များခမျာ စုတ်တံ ၂၀၀ ကျော် ၃၀၀ အထိ ဆေးကြောသန့်စင်ရသော ဟူသည်။

ကယ်လီပန်းချီလောကထဲသို့ ရောက်လာခဲ့သည်မှာ ၁၉၀၁ တွင် ဖြစ်သည်။ ထိုနှစ်တွင် ပြင်သစ်နိုင်ငံ ပါရီမြို့သို့ သွားရောက်၍ ပန်းချီပညာသင်သည်။ ပြင်သစ် ပန်းချီကျော်ကြီးများဖြစ်သော မိုးနေ၊ ဒေဂါး၊ ရေနွား၊ စေဇန်းတို့နှင့် ရင်းနှီးခဲ့သည်။ ကမ္ဘာကျော် ပန်းပုဆရာကြီး ရိုဒန်နှင့်လည်း သိကျွမ်းခဲ့သည်။

နောင်အခါ ကမ္ဘာကျော် စာရေးဆရာကြီး ဖြစ်လာသည့် ဆမ်းမာဆက်မော်မ်နှင့်လည်း ပါရီမြို့တွင်ပင် ဆုံစည်းခင်မင်ခဲ့ခြင်းဖြစ်သည်။ အရပ်စိမ်းဒေသ စိမ်းတို့သို့ လည်၍ မျက်နှာစိမ်းအမြင်စိမ်းတို့ကို ငေးတွေးသည့် အထုံဝသီကြီးသူ ဆမ်းမားဆက်မော်မ်၏ နှုတ်၏ စောင်မခြင်း၊ လက်၏စောင်မခြင်းဖြင့် ကယ်လီ မြန်မာ့မြေသို့ ရောက်ခဲ့သည်ဟု အဆိုရှိသည်။ ရည်းစားပစ်ပြေး၍ စိတ်ပြေလက်ပျောက် မြန်မာပြည်ရောက်သည်ဟုလည်း အဆိုရှိသည်။ 'မော်မ်ရဲ့ ဝတ္ထုတွေထဲက ပန်းချီဆရာဆိုးတို့၊ ပန်းချီဆရာဖျင်းတို့ဆိုတာတွေ မှန်သမျှ ကျုပ်စရိုက်ချည်း ပေါ့ဗျာ'ဟု ကယ်လီက ရယ်ရွှန်းဖတ်ရွှန်းပြောလေ့ရှိသည်။ (ပထမကမ္ဘာစစ်ကြီးအတွင်းက ကယ်လီသည် မော်မ်နှင့်အတူ ဗြိတိသျှ ထောက်လှမ်းရေးတပ်ဖွဲ့တွင် တာဝန်ထမ်းခဲ့ဖူးသည်။ မော်မ်၏ 'အရှန်ဒန်' ထောက်လှန်းရေးဝတ္ထု ၇ ပုဒ်အနက် ၃ ပုဒ်မှာ ကယ်လီ၏ ဇာတ်လမ်းများဖြစ်သည်ဟု ဆိုသည်။

ကယ်လီပါရီတွင် ပညာသင်နေစဉ် သူ့ပန်းချီလက် ရာတစ်ခုကို ဝေဖန်သူတစ်ဦးက "လက်မပါပါလားဗျ၊ လက်မဆွဲတတ်ဘူးနဲ့တူရဲ့" ဟု ခနဲ့သည်။ ကယ်လီသည် နောက်တစ်နေ့မှစ၍ လုစ်ပြတိုက်ကြီးသို့သွား၍ ဂန္ထဝင်မြောက် ပန်းချီကားကြီးများမှ လက်နေလက်ထားများကို ချွတ်စွပ်ဟန်တူ ကူးဆွဲသည်။ လေ့ကျင့်ချိန် သုံးလကြာသည်။ ထိုအချိန်မှစ၍ သူ့ပန်းချီလက်ရာများတွင် ဝဲလက် ယာလက်၊ ဆုပ်လက် ဖြန့်လက်၊ ကွေးလက် ဆန့်လက်၊ ထောင်လက် စိုက်လက်စသဖြင့် လက်နေလက်ထားတို့သည် အသားပေး အစိတ်အပိုင်းများ ဖြစ်လာသည်။

ပုံတူပန်းချီလက်ရာတိုင်းကို အနုစိတ် မှုန်းခြယ်ခြင်း၌ ပျင်းမုန်းခြင်း အလျဉ်းမရှိသည့် ကယ်လီသည် ဗြိတိ သျှဘုရင်နှင့် မိဖုရားပုံတူပန်းချီကို ခြောက်နှစ်လုံးလုံး အချိန်ယူ၍ စိမ်ပြေနပြေ ရေးဆွဲခဲ့သည်။ မျက်နှာပုံပန်း

mgyoe.com

mgyoe.com

လူပုံပန်းကိုလည်း ကြာတောင်းကြာမြင့် အချိန်ယူရေးဆွဲသည်။ မကိုင်ရသရဖူစသည့် နန်းစဉ် ရတနာများကိုလည်း ပို၍ ကြာတောင်းကြာမြင့်အချိန်ယူရေးဆွဲသည်။ သို့ဖြင့် ထိုမျှ အချိန်ကြာညောင်း ခဲ့ရခြင်းဖြစ်သည်ဟု ဆိုသည်။

ပုံတူ ပန်းချီဆွဲခံသူ အမေရိကန် အမျိုးသမီးကြီး တစ်ဦးက ကယ်လီအိလေးဆွဲလွန်းသည့်ကိစ္စကို စပ်စုဖူးသည်။ ကယ်လီဖြေရှင်းချက်ထုတ်ပုံမှာ "မယ်မင်းကြီးမရဲ့လည်ပင်းက ပုလဲသွယ်ကြီးကလည်း ရှည်တော်မူ သကိုးဗျ။ ကျုပ်က ပုလဲတစ်လုံးကို တစ်ရက်မက အချိန်ပေးပြီး ရေးရပါသဗျို့" ဟူ၍ ဖြစ်လေသည်။

(၄)

၁၉၀၈ ခုတုန်းက မြန်မာပြည်မှာ ကျွန်တော် တစ်နှစ်လောက် သွားနေခဲ့တယ်၊ အကြာဆုံးနေခဲ့တဲ့ နေရာတွေကတော့ မန္တလေးနဲ့ ပုဂံပေါ့လေ။

ကျွန်တော် ပုံကြမ်းတွေ အများကြီးဆွဲယူလာခဲ့တယ်။ ဘုရင်ခံနဲ့ အလွန်းသင့်နေတော့ သိပ်ဟန်ကျနေတာပေါ့။ သူက မြင်မြင်သမျှလူကို ပုံဆွဲခံဖို့ ကျွန်တော့်ဆီ လွှတ်ပေးနေတာ။

စဝ်အုန်းညွန့်နဲ့ ကျွန်တော့်ကို လန်ဒန်မှာ မိတ်ဆက်ပေးတာလည်း သူပဲ။ စဝ်အုန်းညွန့်က သိပ်ကျက်သရေရှိတာ။ သူ့အစ်မက သီပေါစော်ဘွားကြီးရဲ့ မဟာဒေဝီလေ။ သူတို့က စဝ်အုန်းညွန့်ကို ဘိလပ်ပို့ပြီး ပညာသင်ပေးတယ်။ ဒီတော့ စဝ်အုန်းညွန့်က အင်္ဂလိပ်လို မွတ်နေအောင် တတ်တာပေါ့။ သူ့ခဲအိုတော်နဲ့ အစ်မတော်က အဲဒီအချိန်က လန်ဒန်မှာလုပ်တဲ့ မျက်နှာစုံညီအစည်းအဝေး လာတက်ကြတယ်။ သူတို့ကတော့ သူတို့အလုပ်နဲ့ သူတို့ ရှုပ်နေကြတာပေါ့။ စဝ်အုန်းညွန့်မချာမှာတော့ ဆွေးနွေးပွဲတွေ၊ ဂုဏ်ပြုပွဲတွေဘယ်လိုက်ရရှာရမလဲ။ တစ်ယောက်တည်း ပျင်းနေတော့တာပေါ့။ ဒါနဲ့ ပုံတူ ပန်းချီဆွဲဖို့ ဖြစ်လာတာပဲ။

သုံးလလောက်ကြာတော့ သူတို့ ပြည်တော်ပြန်ကြတယ်။ ရှမ်းပြည်မှာ စဝ်အုန်းညွန့် အိမ်ထောင်ကျတယ်။ အခုတော့ မြေးတွဲလောင်းနဲ့ ဖြစ်နေပြီ။ မြစ်တွေတောင် ရနေပလားမသိပါဘူး"

ဆာဂျရယ်ကယ်လီက မိတ်ဆွေတစ်ဦးထံ ရေးသည့်စာတွင် စဝ်အုန်းညွန့်နှင့် ဆုံစည်းခဲ့ပုံကို ဤသို့ တဖွဲ့တနွဲ့ ရေးခဲ့သည်။

တခြားစာတစ်စောင်တွင်မူ "စဝ်အုန်းညွန့်က ပုံတူပန်းချီကားတွေဆွဲဖို့ နှစ်လလောက် နေ့တိုင်း ကိုယ်ဟန်ပြပေးခဲ့ပါတယ်"ဟု ရေးခဲ့သည်။

ထိုအချိန်မှာ ၁၉၃၁ ဖြစ်လေသည်။

စဝ်အုန်းညွန့် ပုံတူရေးဆွဲရာတွင် ကယ်လီ၏စေ့စပ် သေချာလွန်းမှုကြောင့် လုပ်ငန်းတွင်သင့်သလောက် မတွင်။ ဆီဆေးပုံကြမ်းငါးပုံမျှသာ ရေးဆွဲပြီးခဲ့သည်။ မျက်နှာဟန်ပန်နှင့် လက်နေလက်ထားကိုသာ အချောသပ်ရေးဆွဲနိုင်သည်။ ကိုယ်ပေါက်ကိုယ်ရောက်နှင့် ဆင်ယင်ထုံးဖွဲ့မှုကို လက်စမသတ်နိုင်။ အကြမ်းထည်သာ ပုံလောင်းထားရသည်။

နောင် လေးငါးခြောက်နှစ်ကြာမှ ပုံကြမ်းအချို့ကို အချောကိုင်နိုင်သည်။ ထိုအချိန်တွင် လန်ဒန်မြို့၌ ပညာတော်သင်အဖြစ် ရောက်နေသည့် ဒေါ်ရာသန်းအေး 'အဆိုတော်ဘိလပ်ပြန်သန်း'ကို ကိုယ်ဟန်ပြစေပြီး ဆင်ယင်ထုံးဖွဲ့မှုများကို အနုစိတ်ခြယ်မှုန်းရသည်။ (ကယ်လီသည် ဘီးစပတ်ကြီးနှင့် ဒေါ်ရာသန်းအေး၏

mgyoe.com

mgyoe.com

ပုံတူပန်းချီတစ်ကားကိုလည်း ရေးဆွဲခဲ့သေးသည်။ ထိုပုံတူသည် အိုင်ယာလန်ပြည်မှ ပုဂ္ဂလိကပန်းချီ စုဆောင်းသူတစ်ဦးလက်တွင် ရောက်နေသည်ဟူသည်။ ယခုအခါ လန်ဒန်မြို့တွင် နေထိုင်လျက်ရှိသည့် ဒေါ်ရာသန်းအေးက သူ့ပုံတူပန်းချီကားကို ရှာပုံတော်ဖွင့်လျက်ရှိသည်ဟု ဆိုသည်။)

ကယ်လီသည် စဝ်အုန်းညွန့်၏ ခဲပုံကြမ်းအတော်များများကို ရေးယူထားလိုက်သဖြင့် စစ်ပြီးခေတ်တွင် စဝ်အုန်းညွန့်၏ ပုံတူပန်းချီကားပေါင်း ၁၄ ကားအထိ အချောသပ်နိုင်ခဲ့သည်ဟု ၁၉၅၄ ဇွန် ၂၁ ရက်စွဲဖြင့် စဝ်အုန်းညွန့်ထံ ကယ်လီရေးခဲ့သည့်စာတွင် ဖော်ပြခဲ့သည်။

မြန်မာပြည်တွင် ခရီးလှည့်စဉ်က ထဘီ၊ ထိုင်မသိမ်း၊ ကျောက်ပြင်၊ သနပ်ခါးတုံး စသည့် မြန်မာ အမျိုးသမီးအသုံးအဆောင် အများအပြားကို ကယ်လီ ပြန်သယ်သွားခဲ့သည်။ စဝ်အုန်းညွန့်၏ ပုံတူများကို အချောသပ်ရေးဆွဲရာ၌ တစ်ပုံနှင့်တစ်ပုံ အင်္ကျီ၊ ထဘီ အဆင်မထပ်ရလေအောင် အပြောင်းပြောင်းအလွဲလွဲ ရေးဆွဲခဲ့သည်။


SIR GERALD KELLY, K.C.V.O., P.P.R.A.

WELBECK 0148

117 GLOUCESTER PLACE
PORTMAN SQUARE, W.1

14 Sept 1962

My dear Saw Ohn Nyunt

Here are four photographs of the portraits of you I like best and, also, you'll be receiving the coloured reproduction of another one!

I've numbered each picture when I began it. Many of them were failures.

I hope you'll like them

with all my best good wishes

Gerald Kelly

စဝ်အုန်းညွန့်ထံ ဆာဂျရယ်ကယ်လီရေးသည့် စာတစ်စောင်

စစ်ပြီးခေတ် စဝ်အုန်းညွန့်နှင့် စာအဆက်အသွယ် ပြန်ရချိန်တွင် ၁၉၃၀ ခေတ်တစ်ဝိုက်က ရေပန်းစားခဲ့သည့် ချိတ်ထဘီ အဆင်စုံကို လန်ဒန်သို့ပို့ပေးရန် လှမ်းတောင်းခဲ့သေးသည်။

၁၉၅၄ မေ ၁ ရက်ထုတ် 'လန်ဒန်ရုပ်စုံသတင်း' စာစောင်က စဝ်အုန်းညွန့်၏ ပုံတူပန်းချီလက်ရာကို စာမျက်နှာပြည့် ဖော်ပြလိုက်သည်။ ၁၉၅၄ ဗြိတိသျှတော်ဝင်ပန်းချီအသင်းကြီး၏ နှစ်ပတ်လည် ပန်းချီပြပွဲတွင် တင်သွင်းသည့် ပန်းချီလက်ရာများကို ရွေးနုတ်ဖော်ပြရာတွင် ကယ်လီ၏ပုံတူလက်ရာကို တခမ်းတနား ဗန်းတင်လိုက်ခြင်းဖြစ်သည်။

ထိုအချိန်တွင် လန်ဒန်မြို့ မြန်မာသံရုံး၌ စဝ်အုန်းညွန့်၏ သားချင်းတစ်ဦးဖြစ်သူ စဝ်ထွန်ဗုက်သည် သံအရာရှိတစ်ဦးအဖြစ် အမှုထမ်းလျက်ရှိသဖြင့် ထိုစာစောင်ကို စဝ်အုန်းညွန့်ထံ ပို့ပေးလိုက်သည်။ စဝ်အုန်းညွန့်နှင့် ကယ်လီတို့ အဆက်အသွယ် ပြန်ရကြလေသည်။

လန်ဒန်တွင် စဝ်အုန်းညွန့် ပုံတူ

mgyoe.com

mgyoe.com

ပန်းချီအတွက် ကိုယ်ဟန်ပြခဲ့သည်မှာ နှစ်ပေါင်းနှစ်ဆယ်ကျော်ခဲ့လေပြီ။

"ခင်ဗျားရဲ့ပုံတူကို ဆွဲခဲ့ရတာ တယ်မကြာလှသေးဘူးလို့ပဲ ထင်နေမိတာ၊ သားတော်မောင်တောင် လူပျိုဖားဖားကြီးဖြစ်နေပြီဆိုတာ ခုမှသိရတော့တယ်၊ ဒီတော့လည်း တော်တော်ကြာသွားပြီကိုးလို့ ဆိုရရုံ ရှိတော့တာ ပေါ့လေ၊ ခင်ဗျားကိုပန်းချီဆွဲရတာ သိပ်လက်တွေ့ပါတယ်၊ ခင်ဗျားရဲ့ပုံတူတွေဟာ ကျုပ်ဆွဲသမျှ အကောင်းဆုံးလက်ရာတွေထဲမှာ ထိပ်တန်းကပါပါတယ်"

ဟု စဝ်အုန်းညွန့်ထံ ပေးစာတစ်စောင်တွင် ကယ်လီက ရေးခဲ့သည်။

(၅)

၁၉၆၁ တွင် စဝ်အုန်းညွန့်၏ ပုံတူပန်းချီပုံပွားသည် ဗြိတိန်တွင် အရောင်းရအစွံဆုံး ပန်းချီကားဖြစ်ခဲ့ သည်။

၁၉၆၂ ဇန်နဝါရီ ၂၄ ထုတ် လန်ဒန် 'ဒေလီမီရာ' သတင်းစာက စဝ်အုန်းညွန့်ပုံတူပန်းချီကို ဖော်ပြလိုက် သည်။ ထိုနှစ်ပုံပွားပန်းချီဈေးကွက်၌ အစွံဆုံးနှင့် ဗြိတိ သျှ မိသားစုများအကြား လူကြိုက်အများဆုံးလက်ရာ ဖြစ်ခဲ့ပုံကို သတင်းရေးသည်။ ထိုသတင်းတွင် စဝ်အုန်းညွန့်ကို မြန်မာကချေသည်တစ်ဦးဖြစ်ကြောင်း ဖော်ပြ ထားသည်။ ထိုသတင်းကို မြန်မာသတင်းစာများက ခြေသွက်လက်သွက် ထပ်ဆင့် ကူးယူဖော်ပြခဲ့သည်။

၁၉၅၄ မေ ၁ ရက်ထုတ် 'လန်ဒန်ရုပ်စုံသတင်း'၌ စဝ်အုန်းညွန့်၏ပုံတူကို ပထမဆုံးအကြိမ် ဖော်ပြစဉ်က လည်း ကချေသည်တစ်ဦးအဖြစ် သတင်းရေးခဲ့သည်။ ကယ်လီက ချက်ချင်းဖြေရှင်းလိုက်သဖြင့် မေ ၁၅ ရက်ထုတ် ထိုစာစောင်တွင် စဝ်အုန်းညွန့်၏ ပုံတူပန်းချီ ပေါက်ရာသက်တစ်ခုနှင့်အတူ စဝ်အုန်းညွန့်သည် ကချေသည် တစ်ဦးမဟုတ်ကြောင်း၊ ရှမ်း ဆော်ဘွားကြီးမျိုးကြီး မင်းသမီးတစ်ပါးဖြစ်ကြောင်း၊ ကျိုင်းတုံ စော်ဘွားကြီး၏ သားတော် အင်ဂျင်နီယာ စဝ်ခွန်မိန်၏ ဇနီးဖြစ်ကြောင်း လန်ဒန်မြို့ မြန်မာသံရုံး သံမှူး စဝ်ထွန်ဝှက်၏ မရီးတော်ဖြစ်ကြောင်း ဖြေရှင်းချက်ဖော်ပြခဲ့ပြီးဖြစ်သည်။

ထိုအမှားသည် ၁၉၆၂ တွင်တစ်ကြော့တစ်ဖန် မှား ပြန်ခြင်းဖြစ်သည်။

'ဒေလီမီရာ' သတင်းစာက နောက်တစ်နေ့ထုတ် သတင်းစာတွင် စဝ်အုန်းညွန့်ကချေသည် မဟုတ် ကြောင်း ဖြေရှင်းချက်ထုတ်သည်။

မြန်မာသတင်းစာတို့လည်း ဆင့်ကူးသတင်းအတွက် ဆင့်ကူး ဖြေရှင်းချက်ထည့်ရပြန်သည်။

စဝ်အုန်းညွန့်၏ ပုံတူပန်းချီပုံပွားများကို ထုတ်လုပ်သည့် ဖရော့စ်နှင့် ရိဒ်ကုမ္ပဏီမှာ ပုံပွားများကို လက်မလည်အောင် ရောင်းနေရလေသည်။ ထိုသို့ အရောင်းသွက်နေပုံကို ထိုနှစ်စက်တင်ဘာလတွင် 'ဒေလီ မီရာ' သတင်းစာက သတင်းတစ်ပုဒ် ရေးလိုက်ပြန်သည်။

စဝ်အုန်းညွန့်ပုံတူပုံပွားအတွက် အမှာစာများမှာ နွေရာသီ(နောက်ထပ် ၈ လကျော် ၉ လ) အထိ တန်းစီ စောင့်နေဆဲရှိသေးကြောင်း ဖော်ပြထားသည်။

ထိုအချိန်အထိ ပုံပွားပေါင်း တစ်သောင်းကျော် ရောင်းခဲ့ရပြီးဖြစ်ကြောင်း၊ ပုံပွားတစ်ပုံလျှင် သုံးဂီနီကျော် (ထိုစဉ်က ငွေလဲနှုန်းအရ ကျပ် ၅၀ ကျော်) နှင့် ရောင်းရကြောင်း၊ ကုန်ဝယ်ခွန်နှင့် ဘောင်သွင်းခများ ထပ်ဆောင်းပေးရကြောင်းဖြင့်လည်း ဖော်ပြလိုက်သည်။

ကယ်လီသည် လွန်ခဲ့သည့် နှစ်ပေါင်း ၃၀ ကျော် ကခဲပုံကြမ်း လောင်းထားသည့် စဝ်အုန်းညွန့်၏ပုံတူ

mgyoe.com

mgyoe.com

များကို တစ်ကြော့ပြန်ကိုင်ကာ ပုံပွားပန်းချီပုံနှိပ်ရေးကို အားသွန်ခွန်စိုက် လုပ်ပြန်သည်။

၁၉၆၃ တွင် စဝ်အုန်းညွန့်ပုံတူ ပန်းချီလက်ရာသစ်တစ်ခု ရေးဆွဲပြီးသည်။ 'ရွှေဝါရောင်ထဘီ'ဟု အမည်ပေးသည်။ ထိုပုံကိုလည်း ပုံပွားပန်းချီပုံနှိပ်ခွင့်ပြုခဲ့သည်။

ပုံတူပန်းချီပုံပွားများ နောက်ထပ်ပုံနှိပ် ထုတ်ဝေခြင်းကို အကြောင်းပြု၍ ကယ်လီနှင့် စဝ်အုန်းညွန့်တို့စာ အဆက်အသွယ်ရကြပြန်သည်။

သားအကြောင်း၊ သမီးအကြောင်း၊ အလုပ်အကိုင်အကြောင်း၊ အရပ်ဒေသအကြောင်း၊ မြန်မာပြည်အကြောင်းတို့ကို ရေးကြသည်၊ ရှေးဟောင်းနှောင်းဖြစ် စားမြုံ့ပြန်ကြသည်။ သတင်းတို့ထွာဖလှယ်ကြသည်။ ကယ်လီက ပုံတူပုံပွားပန်းချီကားပေါင်း သုံးသောင်းကျော်၊ လေးသောင်းနီးပါး ရောင်းခဲ့ရပြီဖြစ်ကြောင်း (၁၉၆၈) အသိပေးသည်။ စဝ်အုန်းညွန့်က ဗြိတိန်ရောက် သားနှင့် ကယ်လီကို မိတ်ဆက်ပေးသည်။ ကယ်လီလိုချင်သည်ဆိုသည့် ချိတ်ထဘီများ ပို့ပေးသည်။ မြန်မာပြည်သို့ တစ်ခါတစ်ခေါက် လာရောက်လည်ပတ်ရန် ဖိတ်ခေါ်သည်။

အနုပညာ မိတ်ဆွေနှစ်ဦး၏ အပြန်အလှန် ပေးစာများမှာ ခင်မင်ရင်းနှီးမှုပြယုဂ်များပင် ဖြစ်တော့သည်။

နောက်ပိုင်းတွင် စာအရေး ကျဲလာသည်။

ကယ်လီသည် ၁၉၆၈ လောက်အထိ ဟက်ဟက် ပက်ပက် ထက်ထက်သန်သန်ကြီး စာရေးနေခဲ့သည်။ သို့ရာတွင် ကယ်လီအသက် ၉၀ နားချဉ်းလာပြီ။ ဇရာ ဒုဗ္ဗလည့်ဦးဆဲခံရစပြုပြီ။ ကယ်လီစာအရေးကျဲလာရုံမက သူ့စာများတွင် ဘဝအလွမ်းသံများ လွှမ်းလာသည်။ ဘဝအမောသံများ နှောလာသည်။

"မြန်မာပြည်ကို လာချင်သေးသပေါ့ဗျာ၊ ဒါပေမဲ့ လာနိုင်မှာ မဟုတ်တော့ပါဘူးလေ၊ ကျုပ် အိုကြီးအိုမ ဘဝရောက်နေပါပြီဗျာ၊ အလုပ်လည်း မလုပ်နိုင်တော့ပါဘူး"

ဟု စာတစ်စောင်တွင် ကယ်လီက ရေးခဲ့သည်။

၁၉၆၈ တွင် ရေးသည့်နောက်ဆုံးစာတစ်စောင်၌ ကယ်လီက–

"ခင်ဗျားကို ကျုပ်ဘယ်တော့မှမမေ့ပါဘူးဗျာ၊ ခင်ဗျားကတော့ ကျက်သရေရှိပါပေတယ်၊ ခုထိလည်း အရွယ်တင်တုန်းပဲနော်"

ဟု ရေးခဲ့လေသည်။

၇၀ ကျော် ၈၀ တွင်းသို့ ရောက်နေပြီဖြစ်သည့် စဝ်အုန်းညွန့်သည် ယခုအချိန်တွင် သားသမီး၊ မြေးမြစ်များနှင့်အတူ လားရှိုးမြို့တွင် တစ်လှည့်၊ ရန်ကုန်မြို့တွင် တစ်လှည့် နေထိုင်လျက်ရှိလေသည်။ ။

ပေါ်သစ်

စံပယ်ပြုံးအမျိုးသမီးမဂ္ဂဇင်း အမှတ် ၂၁ (ဇက်တင်ဘာ၊ ၁၉၇၆)

mgyoe.com

mgyoe.com

# ဓမ္မရောင်ပြန်

ပန်းချီဆရာသည် ရုပ်ကမ္ဘာကို စိန္တာမယဉာဏ်ဖြင့် စိတ်သန္တာန် ဖန်တီးသည်။ စိတ်ကမ္ဘာကို အနုပညာဖြင့် ရုပ်သဏ္ဍာန်ဖော်သည်။ ဘာသာရေးကဲ့သို့ စွဲမြဲပြင်းပြသော ယုံကြည်ခံယူမှုတစ်ခုခုဖြင့် ထိုကမ္ဘာနှစ်ခုကို ဆက်စပ်ပေါင်းစည်းသည်။ ကူးလူးဝင်စားသည်။

ကွန့်မြူးစူးရှသော ဉာဏ်စွမ်းသည် ပန်းချီဆရာ၏ ပင်ကိုစွမ်းရည်ဖြစ်လေသည်။ ပန်းချီဆရာ၏ ထက်မြက်သော ဉာဏ်စွမ်းဟူသည် အတိုင်းအဆမဲ့ အနန္တတရားပင် ဖြစ်လေသည်။ ပန်းချီဆရာ၏ ကျွမ်းကျင်သော လက်စွမ်းကား အကန့်အသတ်ရှိသော စွမ်းဆောင်ရည်သာ ဖြစ်လေသည်။

ပန်းချီသည် ပြတင်းပေါက် မဟုတ်ဟု၍ ပြင်သစ်ကဗျာဆရာ ဂျင်းကော့တောက ပြောဖူးသည်။ ဆိုလိုသည်မှာ ပန်းချီကားသည် တစ်စုံတစ်ရာကို လှစ်ပြခြင်း သဘောမဆောင်။



လီယိုနာဒိုဒါဗင်ချီ

ပြတင်းပေါက်ထဲမှတစ်ဆင့် ပတ်ဝန်းကျင်ရှုခင်းကို လှမ်းမြင်ရသလို ပန်းချီကားထဲမှတစ်ဆင့် သဘာဝ လောကကို မြင်ရခြင်းမျိုးသည် ပန်းချီကားကို ပြတင်းပေါက်သဘောသို့ သက်ရောက်စေသည်။

ခေတ်ပေါ် မော်ဒန်ပန်းချီဟန်သည် ပန်းချီကားကို ပြတင်းပေါက်အဖြစ်အနေမျိုး၌ မထားချေ။ ပန်းချီ ကား ကိုယ်နှိုက်က မနောအာရုံတစ်ခု၊ ရုပ်ဒြပ်တစ်ခု၊ အရှိတရားတစ်ခု၊ အဖြစ်အတည်တစ်ခုသဘောကို ဆောင်စေသည်။

ပန်းချီဆရာကောင်းမည်သည် အဓိကလုပ်ဆောင်ချက်နှစ်ရပ်ကို လုပ်သည်ဟု အီတလီပန်းချီကျော်ကြီး လီယိုနာဒိုဒါဗင်ချီက ဆိုသည်။ ပန်းချီဆရာလုပ်သော လုပ်ဆောင်ချက်တစ်ခုမှာ လူသား၏ ရုပ်ဘဝကိစ္စဖြစ်သည်။ အခြား လုပ်ဆောင်ချက်တစ်ရပ်မှာ လူသား၏ မနောအကြည်ဓာတ် ဖြစ်

mgyoe.com

mgyoe.com







သည်ဟု ဆိုသည်။

ခေတ်အဆက်ဆက်တွင် ပန်းချီအနုပညာရှင်တို့သည် ပန်းချီကားကို ပြတင်းပေါက်အဖြစ်ထား၍ ပတ်ဝန်းကျင်ရုပ်ကမ္ဘာ၏ ရုပ်ပုံလွှာများကိုလည်းကောင်း၊ လူသား၏ မနောအကြည်ဓာတ်ဖြစ်သော စိတ်စေတသိက်၏ နိမိတ်အာရုံတို့ကိုလည်းကောင်း၊ ကျွမ်းကျင်သော အနုပညာလက်စွမ်းဖြင့် ဖော်ကျူးဖွဲ့သီခဲ့သည်။ ထိုမှတစ်ဆင့် ပန်းချီကားသည်ပင်လျှင် တသီးတသန့်ဖြစ်သော ရုပ်ဒြပ်အဖြစ်လည်းကောင်း၊ တသီးတသန့်ဖြစ်သော စိတ်အာရုံအဖြစ်လည်းကောင်း ဖော်ကျူးဖွဲ့သီခဲ့သည်။

ထိုသဘောသည် ခေတ်ပေါ်မော်ဒန် ပန်းချီဟန်၏ အနှစ်သဘောပင်ဖြစ်လေသည်။

မြန်မာပန်းချီပန်းပု အနုပညာလောကတွင် ခေတ်ပေါ် မော်ဒန်ဟန်လက်ရာတို့ ပွဲလယ်တင့်တန်သရွေ့တင့်လာခဲ့ကြသည်မှာ ကာလအတန်ကြာခဲ့ပြီ။

ပန်းချီ အောင်စိုးအစ၊ စံမင်းအလယ်၊ ပိုပိုအဆုံး မြန်မာခေတ်ပေါ်မော်ဒန်ဟန် အနုပညာရှင်များထွန်းကားလာခဲ့၍ မြန်မာအနုပညာလောကတွင် ခေတ်ပေါ် မော်ဒန်ဟန် ပန်းချီပန်းပု လက်ရာများကို

mgyoe.com

mgyoe.com
မျက်စိယဉ်ပါးလာခဲ့သည်မှာလည်း နှစ်အတန်ကြာခဲ့ပြီ။

မျက်မှောက်ကာလတွင် ခေတ်ပေါ် မော်ဒန်ဟန် ပန်း ချီပန်းပု လက်ရာရှင်တို့သည် လွန်ခဲ့သည့် နှစ်ပေါင်း ၃၀ ကျော် ၄၀ တုန်းကလို တစ်ကိုယ်တော် အထီးတည်း စည်းပြင်က လူတွေမဟုတ်တော့။ လောက အမြင်အလိုက်၊ အယူအစွဲအလိုက်၊ စနစ်နည်းဟန်အလိုက်၊ အစုနှင့် အဖွဲ့နှင့် ဖြစ်နေကြပြီ။ ပြပွဲတိုင်း လိုလိုတွင် ခေတ်ပေါ်မော်ဒန်ဟန် ပန်းချီပန်းပုလက်ရာများ အခန့်သား ပါဝင်နေကြပြီ။ မျက်စိရိုင်းနှင့် ဝိုင်းပယ်ခြင်းကို မခံရတော့ပြီ။

ဤသို့ခေတ်ပေါ်မော်ဒန်ဟန် တစ်ခေတ်ဆန်းနေချိန်တွင် ဘယ်ပြပွဲမှလည်း သူ့လက်ရာမတင်ဖူး၊ ဘယ်သူမှလည်း သူ့လက်ရာ မမြင်ဖူးဖြစ်နေသည့် ခေတ်ပေါ် မော်ဒန်ဟန် ပန်းချီလက်ရာရှင်တစ်ဦးနှင့် ကျွန်တော်တို့ အမှတ်မထင် ဆုံတွေ့ခဲ့ရလေသည်။

မန္တလေးမြို့တွင် ဆုံတွေ့ခဲ့ရခြင်းဖြစ်လေသည်။

ခေတ်ပေါ် မော်ဒန်ဟန်၏ ဖခင်ကြီးအဖြစ် ကမ္ဘာ့ အနုပညာလောကတွင် ချီးပခြင်းခံရသော ပြင်သစ်ပန်းချီကျော် ပေါလ့်စေဇန်းသည် သဘာဝရုပ်သဏ္ဌာန်အားလုံး၏ အနှစ်အချုပ်ကို ပုံပန်းလေးမျိုး၌ စူးစမ်းရှာဖွေ တွေ့ရှိခဲ့သည်။ (စက်ဝန်းပုံ၊ ပြွန်လုံးပုံ၊ အန်စာတုံးပုံနှင့် လုံးချွန်းပုံ။)

ကျွန်တော်တို့ တွေ့ဆုံခဲ့သော မန္တလေးမှ ပန်းချီဆရာသည် လူသားစိတ်ပိုင်းသဏ္ဌာန်အားလုံး၏ အနှစ်အချုပ်သဘောကို ဗုဒ္ဓ၏ တရားဓမ္မတို့၌ စူးစမ်းရှာဖွေ တွေ့ရှိထားသည်ဟု ဆိုနိုင်ဖွယ်ရှိလေသည်။

မန္တလေး မော်ဒန်ဟန် ပန်းချီဆရာသည် ဗုဒ္ဓဓမ္မတို့၌ အခိုင်အမာ သက်ဝင်ယုံကြည်ကာ ကံနှင့် ကံ၏ အကျိုးကို ပန်းချီသရုပ်တင်ကြည့်သည်။ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ အကြွင်းမဲ့ပယ်သတ်ရေးကို ပန်းချီပုံပန်း ဖွဲ့ကြည့်သည်။ ဝိပဿနာဉာဏ်စဉ်ကို ပန်းချီပုံသွင် ဖော်ကြည့်သည်။ ပဋိစ္စသမုပ္ပာဒ်ကို ပန်းချီစက်ဝန်း လှည့်ကြည့်သည်။ အတ္တ၊ အနတ္တ ကွဲပြားခြားနားမှုကို ပန်းချီရာဇူချိန်ကြည့်သည်။ "ရုပ်နာမ်အားလုံး ဖြစ်ပျက်သုဉ်း ချုပ်ဆုံးနိဗ္ဗာန်မှတ်" ဆိုသော နိဗ္ဗာန်ဓာတ်ကို ပန်းချီမှတ်ကျောက်တင် ကြည့်သည်။ အနုသယတရား၊ ဝိပ္ပလာသတရား၊ ပညတ်နှင့် ပရမတ်တရားတို့ကို ပန်းချီကိုက်တံ ထိုးကြည့်သည်။ စိတ်စေတသိက်သဘော တို့ကို ပန်းချီဟန်ဖြင့် သံစဉ်ညှိကြည့်သည်။

ထိုသဘောတို့ကို သူ့လက်ရာများတွင် ထင်လင်းစွာ မြင်တွေ့နိုင်သည်။

"မာန်မာနရဲ့ ပုံဆောင်ခဲ"တွင် လူတစ်ယောက်၏ ကိုယ်တစ်ပိုင်းပုံသွင်သည် ပီပီကြီး ပေါ်လွင်နေသည်။ ရုပ်အင်္ကျီကို အကျ ဝတ်ဆင်ထားသည်။ နက်ကတိုင် လည်စည်းကို အခန့်သား စည်းထားသည်။ ဦးခေါင်း နေရာတွင်ကား လူ၏ ဥပမိရုပ်ဆောင်ရာ မျက်နှာမပါ။ အကော့သားထောင်ထားသော လက်မကြီး၊ အထင်း သား ထောင်ထားသော လက်မကြီး၊ အမတ်သား ထောင်ထားသော လက်မကြီး၊ ငေါက်တောက်ပေါက် နေသော လက်သီးဆုပ်သည် မျက်နှာနေရာတွင် အစားဝင်နေသည်။ တရားမသိ၊ တရားမရှိ၊ တရားမကြည့် သော ဦးခေါင်းသည် မျက်နှာမရှိ။ မာနရုပ်သာ ရှိသည်။

"အကန့်အသတ်နဲ့ အတားအဆီး"သည် အပြော ကျယ်သော ကွင်းပြင်ကြီးဖြစ်သည်။ ထိုကွင်းကြီးလွင် ကြီးထဲ၌သစ်သားစည်းရိုးကြီး ခြားကန့်နေသည်။ စည်းရိုး ဝဲယာထိပ်၌ စည်းရိုးငယ်နှစ်ခု ဖြန့်ကြက်ဆီးကာ နေပြန်သည်။ သံသရာတည်းဟူသော ဘဝကွင်းလွင်ကြီး၌ မသိမှုတည်းဟူသော အဝိဇ္ဇာနှင့် တပ်မက်မှု တည်းဟူသော တဏှာတို့သည် သတ္တဝါတို့၏ လွတ်မြောက်မှုကို တားဆီးမှု၊ နှောင်ဖွဲ့မှုပြုလျက် ရှိကြကုန်
mgyoe.com

mgyoe.com

သည်။ ပုထုဇဉ်လူသားတို့၏ ဘဝသံသရာ စက်ဝန်းမှ လွတ်မြောက်မှုတွင် အကန့်အသတ်တို့ရှိသည်။ အတားအဆီးတို့ရှိသည်။ တပ်မက်မှု တဏှာနှင့် မသိမှု အဝိဇ္ဇာတို့ ဖြစ်လေသည်။

"အနတ္တစွမ်းအင်" သည် တံခါးပေါက်ကြီး ဖြစ်သည်။ တံခါးပေါက်ကြီးတွင် သော့ကြီးခတ်ထားသည်။ တံခါးပေါက်အပေါ်စွန်းတွင် သော့တံချိတ်ဆွဲထားသည်။ တံခါးပေါက်ကြီးသည် အစစ်အမှန် တံခါးကြီး မဟုတ်။ ပတ္တူစပေါ်၌ ဆေးရေးပုံဆွဲထားသော တံခါးပေါက်ပုံ လွှာဖြစ်သည်။ ထိုပုံလွှာ၏ အပေါ်စွန်း တစ်နေရာ၌ ပတ္တူစကြီး လိပ်ခွေ ကွာကျနေသည်။ ပတ္တူစကြီးပေါ်၌ မူလရေးခြယ်ထားသော သော့ခလောက် တန်းလန်း တံခါးပေါက်ကြီးနှင့် ဆင်တူထပ်တူဖြစ်သော တံခါးပေါက် သဏ္ဌာန်တစ်ခုသည် ပတ္တူစကြီး၏ အောက်၌ ပေါ်နေသည်။ အဝိဇ္ဇာနှင့်တဏှာ တည်းဟူသော မသိမှု၊ တပ်မက်မှုတို့ သော့ခတ်သည့် အလင်း နှောင်ဖွဲ့ထားသော ခန္ဓာငါးပါးအစုသည် အစဉ်ပြောင်းလဲနေသော တရားသာဖြစ်သည်။ စစ်မှန်သော ရှိတည်မှုဟူ၍ မရှိ၊ မတည်မြဲမှု အကြောင်းကြောင့် အကျိုးဖြစ်လာခြင်းသာ ရှိသည်။ ခန္ဓာငါးပါးအစုတို့ အစဉ်ပြောင်းလဲနေသည့် နိယာမ အစဉ်သာ ရှိသည်။ အတ္တ မရှိ။ ပုဂ္ဂိုလ် မရှိ၊ ဝိညာဉ် မရှိ။ ပြောင်းလဲနေသော ခန္ဓာငါးပါးနောက်တွင် နောက်ထပ် ပြောင်းလဲဦးမည့် ခန္ဓာငါးပါးသာ ထက်ကြပ်ပါလာသည်။

ဤသို့လျှင် မန္တလေး မော်ဒန်ပန်းချီဆရာသည် ဗုဒ္ဓ ဓမ္မရောင်ပြန်ဖြစ်သော ဗုဒ္ဓဓမ္မ ရနံ့ထုံသောသံခိပ် ပန်းချီဟန်(အက်ဗ်စထရက်) လက်ရာများကို ဖန်တီးနေလေသည်။ ပန်းချီလက်ရာများ ဖန်တီးနေသည် ဆိုသော်လည်း လက်စွမ်းပြလက်ရာများကို ဖန်တီးရန်အားထုတ်သည့် သဘောထက် ဉာဏ်စွမ်းပြ လက်ရာ များကို ဖန်တီးရန် ကြိုးစားနေခြင်းသာ ဖြစ်သည်။ ပန်းချီဆရာသည် သူ့လက်ရာအဆင့်ကို သူ သတ်မှတ် ထားသည်။ "ဝါသနာပါလာတဲ့ ပန်းချီရူး၊ တွေ့ကရာ ရေးကာစမ်းတယ်၊ စွမ်းလို့ဟုတ်ဘူး" ဟု ကဗျာသံဖြင့် ဝန်ခံထားသည်။ မည်သို့ပင်ဆိုစေ သူ့လက်ရာများသည် ဝါသနာရှင်လက်ရာမျိုးမဟုတ်။ ပညာသည် လက်ရာမျိုးဖြစ်သည်။

အသက်ကြီးမှ ပန်းချီရေးသူဖြစ်၍ သူ့ကိုယ်သူ ဝါသနာပန်းချီလက်ရာရှင်ဟု သတ်မှတ်သော်လည်း ငယ် စဉ်ကပင် ပန်းချီသင်ရိုးကျေအောင် စနစ်တကျ သင်တန်းတက်၍ သင်ကြားတတ်မြောက်ခဲ့သူဖြစ်သည်။ (အသက် ၂၂ နှစ်သား ၁၉၅၇) တွင် မန္တလေး ပန်တျာကျောင်းတွင် ပန်းချီသင်တန်း တက်ခဲ့သည်။ ဆရာ ဦးအေးကျော်၊ ဦးကံညွန့်၊ ဦးစိန်ညွန့်၊ ဦးချစ်မြဲတို့ထံတွင် ပညာယူခဲ့သည်။

ဦးချစ်မြဲသည် သင်တန်းဆရာ အဖြစ်သာမက ကျော်ကြားသော နိပါတ်ပန်းချီဟန် ပညာရှင်ကြီး ဖြစ်သည်။ သူ့ဆရာများအနက် ဦးချစ်မြဲသည် သူအကြည်ညိုဆုံး၊ အလေးစားဆုံး၊ အတုယူဆုံးဆရာဖြစ် သည်။ ထိုကြည်ညို လေးစားမှုဖြင့် သူပန်းချီဆရာဘဝခံယူပြီး ပန်းချီလက်ရာပိုင်ရှင် နာမည်ခံသောအခါ အမည်ရင်းတွင် ဦးချစ်မြဲ၏ အမည်မှ "ချစ်" စာလုံးကို ယူမှည့်သည်။ သို့ဖြင့် ၁၉၇၇ ခုနှစ် ပန်းချီလောကသို့ ခြေစုန်ပစ် ဝင်လာချိန်တွင် သူ့အမည်သည် အမည်ရင်း ဦးငြိမ်းမောင် မဟုတ်တော့။ "ချစ်ငြိမ်း" ဖြစ်လာ သည်။

"ချစ်ငြိမ်း" အသက်ထောက်လာပြီ။ အသက် ငါးဆယ်ကျော်ပြီ။ ဘဝစုံခဲ့ပြီ။ စာစီပုံနှိပ်ပညာသင်ပြီး မန္တလေးသတင်းစာများတွင် စာစီဆရာဝင်လုပ်ခဲ့သည်။ ရွှေမန်းအောင်စည်၊ မြန်မာ့လမ်းစဉ်၊ မန်းသူရိယ စသည့် သတင်းစာတို့သည် သူ့ စာစီဆရာအဖြစ် တာဝန်ထမ်းခဲ့သော သတင်းစာများဖြစ်သည်။ နောက်ပိုင်း တွင် ပန်းထိမ်ပညာ သင်သည်။ ပန်းထိမ်ဆရာလုပ်သည်။ သတင်းစာ စာစီအလုပ်ထက် ပန်းထိမ်အလုပ်က အနုပညာရနံ့သင်းသည်။ အလှရသနှင့် လက်ပွန်းတတီး နေရသည်။ အလုပ်ကိုယ်နှိုက်က ရသအလှ ဖန်တီး

mgyoe.com

mgyoe.com
ရသော အလုပ်ဖြစ်သည်။ ၁၉၇၇ တွင် ပန်းထိမ်အလုပ်ကိုပါ စွန့်ခွာပြန်သည်။

"ချစ်ငြိမ်း" ပန်းချီဆရာ ဖြစ်ပြီ။

၁၉၈၀ ပြည့်လွန်နှစ်များတွင် ပန်းချီကိုသာ ကျုံးရေးနေခဲ့သည်။ သူ့ပန်းချီလက်ရာများသည် တစ်အိမ်လုံး ပုံထပ်ပြည့်ညပ်နေအောင် တစ်ခုပြီးတစ်ခု ပေါ်ထွက်လာနေသည်။

သူ့လက်ရာများသည် ဗုဒ္ဓ ဓမ္မရောင်ပြန် မော်ဒန်ဟန် လက်ရာများဖြစ်ရာ ထူးခြားသောစရိုက်လက္ခဏာ ရှိကြောင်း ကျွန်တော်တို့က ထင်မြင်ချက်ပေးသည်။ သူ့အမြင်က တစ်မျိုး။

"ဗုဒ္ဓဓမ္မတွေကို ကျွန်တော်သရုပ်ဖော်နေတာ မဟုတ် ဘူးဆရာ။ ဗုဒ္ဓဓမ္မနဲ့ယှဉ်တဲ့ ဒဿနနဲ့ ဘဝင်စိတ်၊ မသိစိတ်တွေကို လေ့လာပြီး ခံစားချက်တွေကို ပန်းချီဖွဲ့ ကြည့်နေတာ" ဟု သူ့သဘောထားကို ပြောပြသည်။

ပန်းချီဆရာတစ်ဦးကို ဖြစ်စေ၊ သူ့လက်ရာများကို ဖြစ်စေ အနောက်တိုင်း နည်းနာစနစ်တစ်ခုခုဖြင့် စံထိုးကာ ဂိုဏ်းဟန်တစ်ခုခု တံဆိပ်ကပ်သည့်အလုပ်ကို ကျွန်တော်တို့ လုပ်မှားမိသည်မှာ အခါများစွာ ရှိခဲ့ပါပြီ။ အမှတ်သည်းခြေနည်းသည်ဆိုဆို "ချစ်ငြိမ်း"၏ လက်ရာများကို ကျွန်တော်တို့ တံဆိပ်ကပ်ကြည့် မိပြန်သည်။ သူ့လက်ရာအများစုသည် မော်ဒန်ဟန်တစ်ခု ဖြစ်သော ဆာရီယယ်ဟန်လက်ရာများ ဖြစ်လေသည်။

"မော်ဒန်နည်းကို ငုံမိပြီ၊ သဘောပေါက်ပြီရယ်လို့ မဟုတ်ပါဘူး၊ ဒါပေမဲ့ မော်ဒန်နည်းက အာရုံနိမိတ်တွေကို ပိုပြီး ပီကြည်အောင် ပြနိုင်တယ်လို့ ထင်လာတယ်။ အာရုံနိမိတ်လို့ဆိုတဲ့နေရာမှာ နှစ်လိုဖွယ် နိမိတ်တွေရော၊ မနှစ်လိုဖွယ် နိမိတ်တွေပါပေါ့၊ အဲဒါတွေအားလုံးဟာ အာရုံနိမိတ်တွေချည်း ပေါ့လေ" ဆိုသည်။

"ချစ်ငြိမ်း"က သူ့လက်ရာတစ်ခုကို ဤသို့ရှင်းပြသည်။

"အနတ္တစွမ်းအင်ဟာ တိုက်အိမ်တစ်ခုရဲ့ ပုံပါပဲ။ အုတ်တွေဗျာ၊ သစ်သားတန်းတွေဗျာ၊ သော့ခတ်ထားတဲ့ တံခါးဗျာ၊ ဘယ်ဟာမှ တိုက်မဟုတ်ဘူး၊ မြင်နေရတဲ့ ပုံလွှာတစ်ခုလုံး ကိုယ်နှိုက်ကလည်း တိုက်မဟုတ်ဘူး၊ အနတ္တတရားဆိုတာကို ကျွန်တော်တို့ အဲဒီလိုမြင်တယ်၊ အဲဒီလိုမြင်ကြည့်တော့ ရင်ထဲမှာ ရှင်းသွားတယ်၊ ကျွန်တော့်ပန်းချီတွေကို ကျွန်တော် ရင်ရှင်းရှင်းနဲ့ချည်း ရေးတာပဲ ဆရာရေ့"

ပေါ်သစ်

စံပယ်ဖြူအမျိုးသမီးမဂ္ဂဇင်း၊ အမှတ် ၄၄ (ဩဂုတ်လ၊ ၁၉၈၈)

mgyoe.com

mgyoe.com

# မော်ဒန်ဟန်နဲ့ မြန်မာရန့်

(၁)

မော်ဒန်ဟန် (ပြင်သစ်မှာ အတ်နူးဗိုး[၁]၊ ဂျာမနီမှာ ယူဂင်စတီး[၂]၊ ဗြိတိန်နဲ့ အမေရိကန်မှာ မော်ဒန်စတိုင်[၃]) ဟာ မျက်မှောက်ခေတ် ကမ္ဘာ့ပန်းချီပန်းပု အနုပညာလောကမှာ စိုးမိုးတွင်ကျယ်နေတဲ့ ဟန်သစ်နည်းသစ် ဖြစ်ပါတယ်။

ဒီဟန်သစ်ဆိုတာ ဥရောပမှာ ခေတ်စားလာခဲ့တာတော့ နှစ်ပေါင်း ၈၀ လောက်ရှိခဲ့ပါပြီ။ ဒုတိယကမ္ဘာစစ်ပြီးခေတ်မှာတော့ ဒီဟန်ဟာ ကမ္ဘာပြန့်သွားတယ်။ ခုအချိန်အထိ အရှိန်တက်တုန်း ရှိသေးတယ်။ မော်ဒန်ဟန်ကို အစားထိုးမယ့် နည်းသစ်ဟန်သစ်လည်း မပေါ်လာသေးဘူး။

မော်ဒန်ဟန်ဟာ ပန်းချီ ပန်းပုအနုပညာ နယ်ပယ်မှာသာမက စာပေကဗျာတေးဂီတ နယ်ပယ်တွေ၊ ဗိသုကာပညာ နယ်ပယ်တွေ၊ ကုန်ပစ္စည်းထုတ်လုပ်မှု နယ်ပယ်တွေမှာလည်း ဩဇာစူးနေပါတယ်။ ဒါကြောင့်လည်း ပန်းချီပန်းပု လက်ရာတွေထဲက မော်ဒန်ဟန်မျိုးကို အဆောက်အအုံကြီးတွေမှာ အစ၊ ရုပ်မြင်သံကြားစက်မှာအလယ်၊ လုံချည် အင်္ကျီဆင်တွေမှာ အဆုံးမြင် တွေ့နေရတာ ဖြစ်ပါတယ်။ ဒီလိုဖြစ်နေတာဟာ ဥရောပ၊ အမေရိကစတဲ့ ချမ်းသာဒေသကြီးတွေမှာသာ မဟုတ်ပါဘူး။ အာရှ၊ အာဖရိကလို ဆင်းရဲဒေသတွေမှာလည်း ကြုံနေရတယ်။

မှန်းတုတ် ရမ်းတုတ် သဘောနဲ့ မော်ဒန်ဟန်ဆိုတာ ကို သိသူတွေကတော့ ပေါပါတယ်။ ဟုတ္တိပတ္တိ မသိရင်သာရှိမယ်။ အရူးချေးပန်း ပန်းချီတို့၊ စိတ္တဇ ပန်းချီတို့ဆိုတဲ့ နာမည်ဆိုးတွေနဲ့တွဲပြီး ကြားဖူးနားဝတော့ ရှိနေကြမှာ သေချာတယ်။

---

၁။ art nouveau

၂။ jugendstil

၃။ modern style

mgyoe.com

mgyoe.com



နိုင်ငံရေးဘက်က ကမ္ဘာကျော် ပုဂ္ဂိုလ်ကြီးတစ်ဦးကဆိုရင် မော်ဒန်ဟန် ပန်းချီကို မြင်းမြီးဆေးသုတ်ပြီး ရမ်းခိုင်းတဲ့ ပန်းချီရယ်လို့တောင် ရှုတ်ချခဲ့ဖူးသေးတာပဲ။

ပုဂ္ဂိုလ်ကြီးကတော့ သေရှာပါပြီ။ မော်ဒန်ပန်းချီကတော့ အရှိန်မကုန်သေးဘူး။ မော်ဒန်ရောင်ပါ၊ ဟန်နည်းနာ၊ လွှမ်းပတ်ကမ္ဘာ တည်စေသော်ဆိုတဲ့ဆုတောင်းများ ပြည့်နေသလားမသိဘူး။ အနုပညာသက်ရင့်ကျက်လှတဲ့ တရုတ်ပန်းချီလောကမှာတောင် မော်ဒန်ဟန်တွေ စိမ့်ဝင်နေခဲ့တာ စစ်ကြိုခေတ်ကတည်းကပါပဲ။ အိန္ဒိယ မှာလည်း အလားတူပဲ။ တဂိုးတို့၊ ဂျာမိနီရွိုင်းတို့၊ ဟူစိန်တို့လို ပန်းချီကျော်ကြီးတွေလည်း မော်ဒန်ဟန်ကို လက်ခံကိုင်စွဲခဲ့ကြတယ်။

မြန်မာနိုင်ငံမှာ ၁၉၅၀ တစ်ဝိုက်လောက်ကစပြီး မော်ဒန်ဟန်ကိုတွေ့လာရတယ်။ တဂိုးရဲ့ကျောင်းက ပြန်လာတဲ့ ဗဂျီအောင်စိုးက ပန်းချီပြပွဲတွေမှာ မော်ဒန်ဟန် လက်ရာတွေကို တင်သွင်းပြသခဲ့တယ်။

ဦးဗကြည်တို့၊ ဦးဘရင်ကလေးတို့၊ ဦးအောင်ခင်တို့ဆိုတဲ့ မြန်မာ ပန်းချီကျော်ကြီးတွေလည်း မော်ဒန်ဟန် လက်ရာတွေကို အနည်းအများဆိုသလို ရေးဆွဲဖူးကြတာပဲ။

မြန်မာ ပန်းချီ၊ ပန်းပုလောကမှာ မော်ဒန်ဟန်လှုပ်ရှားမှုကို အထက်သန်ဆုံး ခေါင်းဆောင်ခဲ့တာကတော့ ကွယ်လွန်သူ ပန်းချီဆရာကြီး ဦးခင်မောင်(မန္တလေး)ပဲ။ ၁၉၆၀ ကျော်ကျော်လောက်မှာ ဦးခင်မောင်က 'ပန်းချီကဏ္ဍသစ်'ဆိုတဲ့ စာတမ်းကလေးတစ်စောင် ပြုစုဖြန့်ဝေဖူးတယ်။ ပေါ်ဦးသက်က သရုပ်ပြပုံတွေ ဆွဲပေးတယ်။

အဲဒီကာလပိုင်းလောက်မှာပဲ ပေါ်ဦးသက်တို့၊ ဝင်းဖေတို့၊ ခင်မောင်ရင်တို့စတဲ့ မော်ဒန်ဟန် ပန်းချီဆရာတွေ ပေါ်ထွက်လာခဲ့တယ်။

၁၉၇၀ ပြည့်လွန်နှစ်များမှာ ပေါ်သိမ်းတို့၊ ခင်ဝမ်း တို့၊ ဘိုကြည်တို့၊ စံမင်းတို့၊ ဝင်းမြင့်တို့၊ ခင်မောင်ညွန့်တို့၊ အောင်မြတ်တို့၊ လင်းမြတ်တို့စတဲ့ မော်ဒန်ဟန် ပန်းချီ၊ ပန်းပု ဆရာတွေ ပေါ်ထွက်လာခဲ့တယ်။

mgyoe.com

mgyoe.com

၁၉၈၀ ပြည့်လွန်နှစ်များမှာလည်း မသိင်္ဂီတို့၊ ဆန်နီငြိမ်းတို့၊ ကြီးမြင့်စောတို့၊ ချစ်ဆွေတို့၊ ဇော်ဇော်တို့၊ ကိုမျိုးတို့၊ မြိုင်သန်းဦးတို့၊ အောင်မြင့်တို့၊ ဝင်းနိုင်ဗိုလ်တို့၊ လှတိုးတို့၊ ချမ်းအေးတို့ စတဲ့ မော်ဒန်ဟန် ပန်းချီ၊ ပန်းပု ဆရာတွေ ပေါ်ထွက်လာခဲ့တယ်။

'ဒြပ်မဲ့' ပြပွဲလို၊ 'မျက်လုံးရိုင်း'ပြပွဲလို မော်ဒန်ဟန်သက်သက် ပန်းချီပြပွဲတွေလည်း တစ်ပွဲစ နှစ်ပွဲစ ဆိုသလို ပြသခဲ့တယ်။

ဒီတော့ မော်ဒန်ဟန်ကို နားလည်တာ မလည်တာ အသာထား၊ ကြိုက်တာမကြိုက်တာ အသာထား ၂၀ ရာစု ကမ္ဘာ့အနုပညာဟန် တစ်ခုဖြစ်တဲ့ မော်ဒန်ဟန်ကို ၂၀ ရာစု မြန်မာအနုပညာလောကမှာ မလွဲမရှောင်သာ မြင်တွေ့နေရမှာတော့ သေချာတယ်။

မော်ဒန်ဟန်ကို မကြိုက်ဘူး၊ နားမလည်ဘူးဆိုရင် လည်း အပြစ်ဆိုစရာတော့ မရှိပါဘူး။ မော်ဒန်ဟန်မှာက ငါ့မြင်း ငါစိုင်းသမားတွေရှိတာကိုး။ ဒါကြောင့်လည်း ကလီမင့်ဂရင်းဘတ်ဆိုသူ ရေးဖူးသလို ဆေးတစ်စက်မှ မတို့တဲ့ပိတ်ကားချပ်ကို ပန်းချီကားပါရယ်လို့ လုပ်ပြီး ပြပွဲတင်ရဲတာမျိုးတွေ မော်ဒန်ခေတ်မှာ ပေါ်လာတာပေါ့။ အဲဒါမျိုးတွေကြောင့်လည်းပဲ မော်ဒန်ဟန် ရှေ့ပြေးခေါင်း ဆောင်တစ်ဦးဖြစ်တဲ့ ကမ္ဘာကျော်ပန်းချီဆရာကြီး ပေါကလီး ပြောသလို 'တို့ဘက်မှာလူတွေမရှိဘူး' ဆိုတဲ့ အဖြစ်မျိုး ရောက်ခဲ့ရဖူးတာပေါ့။

ဒီလို ဆွမ်းဆန်ထဲ ကြွက်ချေးရောတာမျိုးကတော့ ဘယ်လုပ်ငန်း၊ ဘယ်ကိစ္စမျိုးမှာမဆို ရှိတတ်စမြဲပဲ။ ဘယ်တတ်နိုင်ပါ့မလဲ။

တကယ်တမ်းပြောရရင်တော့ မော်ဒန်ဟန်ဆိုတာက အကောင်းချည်း မဟုတ်ပေမယ့် အဆိုးချည်းလည်း မဟုတ်ပါဘူး။

မော်ဒန်ဟန်ဟာ အရူးချေးပန်းဟန်သက်သက် မဟုတ်ပါဘူး။ မြင်းမြီးရမ်းဟန်သက်သက် မဟုတ်ပါဘူး။ စိတ္တဇဟန်သက်သက် မဟုတ်ပါဘူး။

မော်ဒန်ဟန်မှာ သမိုင်းရှိတယ်။ ဂိုဏ်းရှိတယ်။ သဘောတရားရှိတယ်။ မူရှိတယ်။ ဝါဒရှိတယ်။ ဦးတည်ချက်ရှိတယ်။ စည်းရှိတယ်။ စနစ်ရှိတယ်။ ဒါကြောင့်လည်း ဒီလောက် သက်တမ်းရှည်နိုင်တာပေါ့။ ဒီလောက် လက်ခံသူ များလာတာပေါ့။

၂၀ ရာစုသားတစ်ယောက်ဟာ ၂၀ ရာစုခေတ်ရဲ့ လူ့အသိဉာဏ် သမိုင်းမှတ်တိုင်တွေဖြစ်တဲ့ သိပ္ပံဘက်မှာ အိုင်စတိုင်းရဲ့ ရီလေတီဗီတီသီအိုရီ၊ နည်းပညာဘက်မှာ ကွန်ပျူတာစနစ်၊ စိတ်ပညာဘက်မှာ ဖရိုက်ဒီယန် သီအိုရီ၊ စာပေဘက်မှာ သတင်းဟန်ဝါဒ၊ နိုင်ငံရေးဘက်မှာ ကွန်မြူနစ်စနစ်၊ ဆိုရှယ်လစ်စနစ်၊ စီးပွားရေး ဘက်မှာ ကိန်းသီအိုရီဆိုတာတွေကို တီးမိခေါက်မိရှိထားဖို့ လိုသလို အနုပညာဘက်မှာလည်း မော်ဒန်ဟန်၊ မော်ဒန်နည်း၊ မော်ဒန်စနစ်ကို တန်သလောက် သိထားဖို့ ကောင်းပါတယ်။

(၂)

အနုပညာသမားဟာ သဘာဝတ္တလောကကို လူတွေရှုမြင်ပုံရဲ့သမိုင်း ဖြစ်တယ်လို့ ဆိုလေ့ရှိပါတယ်။

လူတွေဟာ ကိုယ်မြင်ချင်တာကိုသာ မြင်တယ်။ ရွေးမြင်တယ်။ စစ်မြင်တယ်။ ဖွဲ့မြင်တယ်။ မမြင်လို့ မဖြစ်တာတွေကိုတော့ ကြိုက်ရာပုံသွင်းပြီးမှ မြင်တယ်။ စက္ကူဇေဒနဲ့အညီ ပြင်ပရုပ်ကမ္ဘာကို အရှိအတိုင်း၊ အမှန်အတိုင်း၊

mgyoe.com

mgyoe.com



အစစ်အတိုင်း ဒိဋ္ဌမမွမမြင်ဘူး၊ တိရစ္ဆာန်ဉာဏ်နဲ့အညီလည်း ကြောက်စရာကို ကြောက်စရာ အတိုင်း၊ မြူးစရာကို မြူးစရာအတိုင်း မမြင်ဘူး။ ပြင်မြင်တယ်။ ပြောင်းမြင်တယ်။ နုတ်မြင်တယ်။ ဖြည့် မြင်တယ်။

ဒါကြောင့် လူနဲ့ လူ့ပတ်ဝန်းကျင်ကို အီဂျစ်ခေတ် မြင်ပုံနဲ့ ခေါမခေတ်မြင်ပုံ မတူတာပဲ။ ဉာဏ်သစ်ပွင့်ခေတ်မြင်ပုံနဲ့ စက်မှုခေတ်မြင်ပုံ မတူတာပဲ။ ပုဂံခေတ် မြင်ပုံနဲ့ ကုန်းဘောင်ခေတ် မြင်ပုံ မတူတာပဲ။

ဒီလို အမြင်မတူတာတွေဟာ အနုပညာ ဖန်တီးချက်တွေမှာ ထင်တတ်တယ်။ အမြင်မတူတော့ ဟန်လည်း မတူဘူး။ ဟန်မတူတော့ ပုံသဏ္ဌာန်လည်း မတူဘူး။ အကြောင်းအရာလည်း မတူဘူး။ အတွင်းသရုပ်လည်း မတူဘူး။

ဒီသဘောကို အနုပညာသမိုင်းတစ်လျှောက်လုံး မြင်တွေ့နေရတယ်။

၁၉ ရာစု ကုန်ခါနီးလောက်မှာ ပြင်သစ်ပြည်မှာ အင်ပရက်ရှင်နစ်ဇင်း[၁] ဆိုတဲ့ အသင်းပန်းချီဝါဒ ပေါ်လာတယ်။ ဥရောပ ရေမြေ တောတောင်တွေ၊ မြို့ရွာ လူထုတွေဟာ ပန်းချီထဲမှာ ထိန်ထိန်ဝင်းလာတယ်။ ဟင်းရည်ဟင်းနှစ်လို ပျစ်ချွဲညိုမှောင်တဲ့ အရောင်တွေ ခဝါချလိုက်သလို ကွာကျကုန်တယ်။ အမြင်ဆန်းလာတယ်။

ဒီပန်းချီနည်းက အလင်းရောင်ကို အဓိကထားတဲ့နည်း။ အလင်းထင်ဟပ်မှုကို သုံးသပ်စိတ်ဖြာတဲ့နည်း။ ဒီတော့ ဒီပန်းချီနည်းနဲ့ ရှုမြင်တဲ့ ပြင်ပရုပ်ကမ္ဘာဟာ အလင်းပက်ဖျန်း လွှမ်းခြုံမှုအပေါ်မှာမူတည်ပြီး သွင်ပြင်အနေထားတွေ ပြောင်းလဲကုန်တယ်။

ဒီလို ရုပ်ဝတ္ထုနဲ့ အလင်းခွဲခြမ်းပစ်တာကို ပြင်သစ်ပန်းချီဆရာ ပေါ်စာဇန်း[၂] (၁၈၃၉–၁၉၀၆) က မကြိုက်ဘူး။

---

၁။ impressionism ၂။ Paul Cezanne

mgyoe.com

သူက ပြင်ပရုပ်ကမ္ဘာကို အလင်းဆိုတဲ့ဆန္ဒစွဲနဲ့ မမြင်ချင်ဘူး။ ပကတိအတိုင်း မြင်ချင်တယ်။ အစစ်အတိုင်း မြင်ချင်တယ်။ အမှန်အတိုင်း မြင်ချင်တယ်။ ရုပ်သဘောအတိုင်း မြင်ချင်တယ်။ ဒါကြောင့် အင်ပရက်ရှင်နစ်ဇင်းနဲ့ လမ်းခွဲတယ်။

အဲဒီ စာဇန်းရဲ့ ပန်းချီသဘောထားပေါ်မှာ အခြေခံပြီး မော်ဒန်ဟန်ဆိုတဲ့ ပန်းချီဟန်သစ်တစ်ခု ပေါ်ထွက်လာခဲ့တာဖြစ်ပါတယ်။ နှစ်ဆယ်ရာစုအစပိုင်းလောက်ကပါ။

စာဇန်းက ကျောက်တုံးကို ပန်းချီရေးရင် ကျောက်တုံးရဲ့ မူလဘူတအတွင်းသား သရုပ်ပေါ်အောင်၊ ကျောက်တုံးရဲ့ ခက်မာမှုပထဝီသဘောပေါ်အောင် ရေးချင်တယ်။ ဒါကြောင့် စာဇန်းရဲ့ ပန်းချီဝါဒဟာ ဓမ္မစစ်ပန်းချီဝါဒတစ်မျိုးပဲလို့ သတ်မှတ်ကြတယ်။

စာဇန်းရဲ့ဝါဒကို ကမ္ဘာကျော် ပြင်သစ်ပန်းချီဆရာ ဂေါဂင်[၁] (၁၈၄၈–၁၉၀၃)က သဘောမတူဘူး။ အနုပညာဟာ အလှတရားကို တင်စားပြဖို့ပဲ။ ကျောက်တုံးရဲ့ အတွင်းသားဓာတ်ဖြစ်တဲ့ ခက်မာမှုသဘောကို စောကြောနေဖို့ မလိုဘူးလို့ ဂေါဂင်က ယူဆတယ်။ ဂေါဂင်ရဲ့ ပန်းချီဝါဒဟာ အလှတင်စားချက် သင်္ကေတပန်းချီလို့ သတ်မှတ်ကြတယ်။

နောက်ထပ်တစ်ဆင့် ကွဲလွဲချက် ပေါ်လာပြန်တယ်။

ကမ္ဘာကျော် ဒတ်ချ် ပန်းချီဆရာ ဗန်ဂိုး[၂] (၁၈၅၃– ၁၉၀၀)က မူလဘူတသဘောတွေ၊ အလှသဘောတွေထက် စိတ်လှုပ်ရှားခံစားမှုက ပိုအရေးကြီးတယ်လို့ ယူဆတယ်။ ပန်းချီမှာ စိတ်လှုပ်ရှားခံစားမှုကို ဖော်ထုတ်ရေးဟာ အဓိကလို့ယူဆတယ်။ ဗန်ဂိုးရဲ့ ပန်းချီဝါဒကို စိတ်ခံစားမှုပန်းချီဝါဒလို့ သတ်မှတ်ကြတယ်။

အဲဒီ ပန်းချီဝါဒကြီး သုံးရပ်ကနေပြီး ၂၀ ရာစုဆန်းစ အချိန်မှာ ဝါဒသစ်တွေ၊ သဘောထားသစ်တွေ၊ ဟန်သစ်တွေ အများကြီး ဖြာထွက်လာခဲ့တယ်။

စာဇန်းရဲ့ဝါဒကို အခြေခံပြီး ဖော်ဗစ်ဇင်[၃] (အယိုင်အရွဲ့ကို အခြေခံတဲ့ဟန်) ကျူဘစ်ဇင်[၄] (ရှုထောင့်စုံမြင်ကွင်းစုံသဘောကို အခြေခံတဲ့ မှန်ကူကွက်ဟန်)၊ ဖျူချာရစ်ဇင်[၅](ရွေ့လျားမှုနှင့် ယန္တရားသဘောတို့ အခြေခံတဲ့ဟန်)၊ ကွန်စထရပ်တစ်ဗစ်ဇင်[၆](ဟင်းလင်းပြင်နဲ့ ကာလသဘောကို အခြေခံတဲ့ဟန်)၊ နီယိုပလပ်စတစ်စစ်ဇင်[၇] (သဘာဝတရားရဲ့ ဥဿုံသဘောကို အခြေခံတဲ့ဟန်) ဆိုတာတွေ ပေါ်လာတယ်။

ဩစထရီယန်လူမျိုး စိတ္တဗေဒပညာရှင်ကြီး ဆစ်ဂမန်ဖရိုက်ရဲ့ မသိစိတ်ဝါဒ ဩဇာစူးပြန့်နေချိန် ဖြစ်လေတော့ ဂေါဂင်ရဲ့ဝါဒကို အခြေခံပြီး ဆာရီယယ်လစ်ဇင်[၈] (မသိစိတ် အခြေခံတဲ့ဟန်)၊ ဒါဒါ[၉] (ရသဗေဒပစ်ပယ်ရေးအခြေခံတဲ့ဟန်) အော်တိုမက်တစ်ဇင်[၁၀] (စစ်မှန်တဲ့ စိတ္တဇအလိုအလျောက်သဘောကို အခြေခံတဲ့ဟန်) ဆိုတာတွေ ပေါ်လာတယ်။

ဗန်ဂိုးရဲ့ ပန်းချီဝါဒကို အခြေခံပြီး ဥရောပမြောက် ပိုင်းနိုင်ငံတွေမှာ အိတ်စပရက်ရှင်နစ်ဇင်[၁၁] (စိတ်လှုပ်ရှားခံစားမှုဖော်ထုတ်ရေးကို အခြေခံတဲ့ဟန်) ဆိုတာ ပေါ်လာတယ်။ အဲဒီ မော်ဒန်ဟန် အကိုင်းအခက်တွေက

---

၁။ Paul Gauguin
၂။ Vincent van Gogh
၃။ fauvism
၄။ cubism
၅။ futurism
၆။ constructivism
၇။ neo-plasticism
၈။ surrealism
၉။ dadaism
၁၀။ automaticsm
၁၁။ expressionism

mgyoe.com

mgyoe.com

တစ်ဆင့် ပန်းချီဝါဒသစ်တွေ၊ ဟန်သစ်တွေ ထပ်ပွားလာခဲ့ပြန်တယ်။ အက်ဘစထရက် အိတ်စ်ပရက်ရှင်နစ်ဇင်[၁] (ရင်ဖွင့်ဒြပ်မဲ့ပန်းချီဟန်) အောပ့်အတ်[၂] (အမြင်အာရုံ လှည့်စားပန်းချီဟန်)၊ ပေါ့ပ်အတ်[၃] (လူပြိန်းကြိုက် ပန်းချီဟန်)၊ ကီနက်တစ်အတ်[၄] (လှုပ်ရှေ့ပစ္စည်းတွေ၊ ရောင်ခြည်တန်းတွေ ပေါင်းစပ်ဖန်တီးတဲ့ပန်းချီဟန်)၊ အတ်အင်ဖော်မယ်[၅] (သရုပ်မဲ့သဏ္ဍာန်မဲ့ ဒြပ်မဲ့ ပန်းချီဟန်) ဆိုတာတွေ ပေါ်ထွက်လာတယ်။

ပန်းပုဘက်မှာလည်း မိုဘိုင်း[၆] (ရွေ့လှုပ်ပန်းပုဟန်)၊ စတေဘိုင်း[၇] (ရွေ့လှုပ်မယ့် ပန်းပုဟန်)၊ ဆူဒိုမရှင်းအတ်[၈] (ယန္တရားတပ် ပန်းပုဟန်)၊ ဂျန့်အတ်[၉] (သတ္တု တိုစ ဂဟေဆက် ပန်းပုဟန်) ဆိုတာတွေ ပေါ်ထွက်လာတယ်။

အဆုံးစွန်အဆင့်မှာ 'ဟက်ပင်နင်း'[၁၀] ဆိုတဲ့ နည်းဟန်တွေပေါ်လာတယ်။ အဲဒီနည်းဟန် သဘောက ပန်းချီပန်းပု ဖန်တီးချက်ကို ပြဇာတ်ယောင်ယောင် စင်တင်ပြတာပဲ။ တကယ်ပန်းချီဆွဲတာမပါဘူး။ တကယ်ပန်းပုထုတာ မပါဘူး။ ပြဇာတ်သဘောလည်း မပါဘူး။ အနုပညာဖန်တီးချက်ကို ရုပ်အထည်ပစ္စည်းအဖြစ်နဲ့ မပြဘဲ စိတ်အထည်ပစ္စည်းအဖြစ်နဲ့ ပြတဲ့သဘောလို့ ဆိုတယ်။

တောင်ကုန်းကြီး တစ်လုံးလုံးကို အဝတ်နဲ့ ဖုံးထားတာတို့၊ ရေလယ်ကျွန်းတစ်ကျွန်းလုံးကို ပလတ်စတစ်နဲ့ ပတ်တာတို့ ဆိုတာမျိုးတွေကိုလည်း မော်ဒန်ဟန်အနုပညာ ဖန်တီးချက်ဆိုပြီး လုပ်တာမျိုးတွေလည်း ရှိသေးတယ်။

(၃)

ခုပြောခဲ့တာတွေဟာ မော်ဒန်ဟန်ရဲ့ သမိုင်းစဉ်နဲ့ လုပ်ရပ်အကျဉ်းပါပဲ။ မော်ဒန်ဟန်နဲ့ စပ်ဆိုင်တဲ့ လှုပ်ရှားမှုတွေ၊ ကြေညာစာတမ်းတွေ၊ လက်ရာတွေ၊ လူပုဂ္ဂိုလ်တွေ၊ ထင်မြင်ချက်တွေကို ပြောပြရရင် ပြောမဆုံးပေါင် တောသုံးတောင်ပဲ။

မော်ဒန်ဟန်က ဥရောပနိုင်ငံတွေ စီးပွားအဖြစ်ဆုံးအချိန်၊ ပြီးတော့ စိတ်ဓာတ် ဖရိုဖရဲအဖြစ်ဆုံးအချိန်၊ ပြီးတော့ လူ့အဖွဲ့အစည်းတွေ ကသောင်းကနင်းအဖြစ်ဆုံးအချိန်၊ ပြီးတော့ အယူအဆတွေ အဖောက်ပြန်ဆုံးအချိန်၊ ပြီးတော့ အတွေးအခေါ်တွေ အပြောင်းလဲဆုံးအချိန်မှာ ပေါ်ထွက်လာခဲ့တဲ့ဟန် ဖြစ်လေတော့ ကောင်းတဲ့အင်္ဂါတွေရှိသလို ယိုယွင်းဖောက်ပြန်တဲ့စရိုက်လက္ခဏာတွေလည်း မွေးရာပါ သူငယ်နာလို အရိုးစွဲနေတယ်။

ဘာပဲပြောပြော ၂၀ ရာစုနဲ့ သဘောဟပ်မိတဲ့ အနုပညာဟန်ဆိုလို့ မော်ဒန်ဟန်ပဲရှိတယ်။

အနုပညာဆိုတာ အစဉ်ပြောင်းလဲနေတဲ့အရာပဲ။ ပြောင်းမှုဟာ အနုပညာတစ်ရပ်ရဲ့ ပင်ကိုစရိုက်လက္ခဏာပဲ။

---

၁။ abstract eprexssionism
၂။ op-art
၃။ pop-art
၄။ kinetic art
၅။ art informal
၆။ mobile
၇။ stabile
၈။ pseudo machine art
၉။ junk art
၁၀။ happening

mgyoe.com

mgyoe.com

မြန်မာ့ပန်းချီပန်းပုတွေလည်း ပြောင်းလဲနေတာပဲ။ ပြောင်းလဲမှုထဲမှာ မော်ဒန်ဟန်အသွင်နဲ့ ပြောင်းလဲနေတာလည်း အပါအဝင်ဖြစ်ပါတယ်။

မော်ဒန်ဟန်ကို မြန်မာ့ ပန်းချီပန်းပုလောကထဲ သွတ်သွင်းမွေးစားတဲ့အခါ (၁၉၆၆ တုန်းက ပေါ်ဦးသက် ပြောဖူးသလို) မြန်မာရနံ့သင်းအောင်ဘယ်လိုလုပ်မလဲ။ သူငယ်နာကင်း ကျန်းမာခြင်းနဲ့ ပြည့်စုံအောင် ဘယ်လိုလုပ်မလဲ။ ဘယ်လိုအရိုးထွင်ပြီး ဘယ်နည်းအသားနှင်မလဲ။

ဒီကိစ္စဟာ ပန်းချီပန်းပုအနုပညာရှင်တွေနဲ့သာဆိုင်တဲ့ ကိစ္စမဟုတ်ပေဘူး။ အမျိုးသားယဉ်ကျေးမှု အရေးအရာတွေမှာ စိတ်ပါဝင်စားသူတိုင်းနဲ့လည်း ဆိုင်တဲ့ကိစ္စ ဖြစ်ပါတယ်။ ။

ပေါ်သစ်
အတွေးအမြင် (အောက်တိုဘာ၊ ၁၉၈၅)

**စာကိုး**


၁။ Modern Artists on Art

၂။ The Philosophy of Modern Art by Herbert Read

၃။ Movements in Art since 1945, by Edward Lucle Smith


mgyoe.com

mgyoe.com

# ရိုးရာ ပေရေးပန်းချီ

မြန်မာနိုင်ငံသည် အပူပိုင်းတွင် ကျရောက်လျက်ရှိရာ ပေပင်၊ ထန်းပင် စသည့်အပင်များ အထူးပေါသည်။ မြန်မာနိုင်ငံတွင်သာမဟုတ် အိန္ဒိယ၊ သီဟိုဠ်၊ ထိုင်း စသည့် နိုင်ငံများတွင်လည်း ပေပင်၊ ထန်းပင်တို့မှာ သဘာဝပေါက်ပင်များဖြစ်ကြပေသည်။ စက္ကူမပေါ်မီက ပေရွက် ထန်းရွက်များကို စက္ကူအဖြစ်အသုံးပြုပြီး ရေးမှတ်ကြရသည်။ စာပေအရေးအသား မပေါ်ပေါက်မီအခါကလည်း ပေရွက်၊ ထန်းရွက်များမှာပင် အမှတ်အသားများ ရေးမှတ်ကြရသည်။ ထို့အတူ လိုအပ်သည့်ပုံများ၊ ဒီဇိုင်းများနှင့် အရုပ်များကိုလည်း ပေရွက်၊ ထန်းရွက်များပေါ်၌ပင် ရေးဆွဲကြရပေသည်။

ပေရွက်၊ ထန်းရွက်များပေါ်တွင် သံကညစ်နှင့် ရေးဆွဲသည့် အစဉ်အလာသည် ရှေးဟောင်း အိန္ဒိယ၊ သီဟိုဠ်၊ ထိုင်းနှင့် မြန်မာတို့၏ အစဉ်အလာတစ်ရပ်ပင် ဖြစ်ခဲ့သည်။ ပေရွက်၊ ထန်းရွက်ပေါ်တွင် သံကညစ်နှင့် စာရေးရုံသာမက အင်းချခြင်း၊ ဇာတာဖွဲ့ခြင်း၊ အာကာသ သျှုတ္တရဆိုင်ရာ ဂြိုဟ်ခွင်နှင့် နက္ခတ်တို့ကို ရေးမှတ်ခြင်းများ ပြုခဲ့ကြရာ ယနေ့ထက်တိုင်ပင် မြင်တွေ့နိုင်ပေသေးသည်။

ပေရွက်၊ ထန်းရွက်ကို ကြာရှည်ခံအောင် ထိန်းသိမ်းနိုင်သည့် ဆေးမှာလည်း အခြားမဟုတ် ရေနံပင်ဖြစ်သည်။ ရေနံမှာလည်း မြန်မာ့သဘာဝတွင်းထွက် အဆီတစ်မျိုးဖြစ်ရာ မည်သည့်ပြင်ပနိုင်ငံနှင့်မှ ဆက်ဆံမှုမရှိမီကာလကပင် မြန်မာ့နည်း မြန်မာ့ဟန်ဖြင့် ပေရေးပန်းချီနှင့် ပေရေးစာတို့ကို ထိန်းသိမ်းထားနိုင်ခဲ့သည်။

နံရံပန်းချီဆိုသည်မှာလည်း ရှေးကပန်းချီဆရာများ လက်တည့်စမ်း၍ ရေးခြယ်သော ပန်းချီမျိုး မဟုတ်ပေ။ နံရံတွင် တစ်ကွက်စီ တစ်ကွက်စီ ကန့်၍၊ ပိုင်း၍ ရေးခြယ်ရသော လုပ်ငန်းမျိုးဖြစ်သည်။ ကောက်ကြောင်း (လှောင်ကြောင်း) သေချာ၍ ခံဆေး၊ အုပ်ဆေးမှန်ကန်ပါက ပြီးမြောက်သည့် လုပ်ငန်း မျိုးဖြစ်ရာ နံရံပေါ်တွင် ပန်းချီမရေးခြယ်မီ ပဏာမအဖြစ် စမ်းသပ်ရေးခြယ်ရန် လိုအပ်ပေသည်။ စက္ကူမပေါ် သေးသည့်ခေတ်တွင် ထိုသို့ စမ်းသပ်ရေးခြယ်ရန်မှာ ပေရွက်နှင့် ထန်းရွက်မှတစ်ပါး အခြားမရှိပေ။ ပေရေး ပန်းချီနှင့် ပေရွက်တွင် ရေးခြယ်ထားသည့် ရုပ်ပုံတို့ကို အိန္ဒိယနှင့် ထိုင်းမှ စာအုပ်စာတမ်းတို့တွင် ဓာတ်ပုံ အဖြစ် တွေ့ရှိသော်လည်း မြန်မာ့ ပေရေးပန်းချီကိုမူ ၁၉၇၇ ခုနှစ်အထိ ရှာဖွေ၍မရသေးပေ။

mgyoe.com

mgyoe.com



ဝေဿန္တရာမင်းကြီးက သားတော်နှင့် သမီးတော်ကို ဇူဇကာပုဏ္ဏားအား လှူနေခန်း ပေရေးပုရပိုက်



ကံအားလျော်စွာပင် ၁၉၇၈ ခုနှစ် ကုန်ခါနီးတွင် တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်မှ လက်ထောက်စာကြည့်တိုက်မှူး ဒေါ်ကျော့ကျော့၏ ကူညီမှုဖြင့် ပေရေးပန်းချီကားတစ်ချပ်ကို ရရှိပေသည်။ ယင်း ပေရွက်ကို ယခုအခါ အင်္ဂလန်နိုင်ငံ လန်ဒန်မြို့ရှိ ဗြိတိသျှပြတိုက်ကြီးတွင် ထိန်းသိမ်းထားပေသည်။ မူလ ပေရွက်မှာ အလျား ၁၉ လက်မ၊ ဖျက် ၂ လက်မ ၃ မူးခန့်ရှိသည်။ မြန်မာ့ အစဉ်အလာတစ်ရပ်ဖြစ်သည့် ဝေဿန္တရာ ဇာတ်တော်မှ ဇာတ်ကွက်တစ်ကွက်ဖြစ်ပြီး အမှတ်စဉ်အားဖြင့် ၁၅ ဟု ဖော်ပြထားပေသည်။

ပုံတွင် မင်းကြီးဝေဿန္တရာက သားတော်ဇာလီနှင့် ကဏှာဇိန်တို့ကို ဇူဇကာပုဏ္ဏားအား ရေစက်ချ၍ ပေးလှူနေပုံနှင့် ဇူဇကာပုဏ္ဏားက သားတော်နှင့် သမီးတော်တို့အား ကြိုးဖြင့်တည်း၍ ခေါ်ဆောင်သွားပုံတို့ကို အထင်အရှား တွေ့ရပေသည်။ ရေးဆွဲပုံနည်းစနစ်အရ လည်းကောင်း၊ အကြောင်းအရာအနေဖြင့် လည်းကောင်း မြန်မာဆန်နေသဖြင့် မြန်မာ့လက်ရာဖြစ်သည်ကို အထူးပြောဖွယ်မလိုပေ။

ပေရေးပန်းချီကို နံရံ ပန်းချီ၊ ကောက်ကြောင်းပန်းချီ၏ ရှေ့ပြေးအခြေခံဟု မှတ်ယူနိုင်သည့်နည်းတူ ရှေးမြန်မာတို့၏ ပန်းချီပုံရေးခြင်းအတတ်၏ အခြေခံ ပုံဆွဲပညာ၊ သို့မဟုတ် ဒီဇိုင်းပညာ၏ အတိမ်အနက်ကိုလည်း ပေရေးပန်းချီတွင် အကဲခတ်နိုင်ပေသည်။ ပေရေးပန်းချီထွန်းကားခဲ့သည့် ပုဂံခေတ် ရှေးဦးပိုင်းတွင် မြန်မာ့ကျေးလက်၌ အိုးလုပ်ငန်း ပန်းပဲလုပ်ငန်းနှင့် ဂျပ် ခုတ်ယက်ကန်းလုပ်ငန်း ထွန်းကားစ ပြုချိန်ဖြစ်ရာ ယင်း လုပ်ငန်းနှင့် ပတ်သက်သည့် အခြေခံဒီဇိုင်း၊ (ပုံကြမ်း) တို့ကို ပေရွက် ထန်းရွက်များပေါ်တွင် ရေးခြစ်၍ မှတ်တမ်းပြုကြသည်မှာ မလွဲဖြစ်ပေသည်။ ပေရွက်တွင် ကညစ်ဖြင့် အရုပ်ရေးရာမှ တစ်ဆင့်တက်၍ နောင်အခါ ဝါးဖြင့်လုပ်သည့် 'ယွန်း' တွင် ကညစ်ဖြင့် အရုပ်များ ရေးသည်ကိုလည်း သတိမူသင့်ပေသည်။

အစဉ်အလာအားဖြင့် ပေတွင် ကညစ်ဖြင့် အရုပ်ရေးခဲ့ရာမှ ၁၀ ရာစုနောက်ပိုင်း အိန္ဒိယနိုင်ငံတွင် ပါလ

mgyoe.com

mgyoe.com

မင်းများလက်ထက် ပေရွက်များပေါ်တွင် ဆေးရောင်စုံ ဖြင့် ဇာတကဆိုင်ရာ ဇာတ်လမ်းများကို ရေးခြယ်သည့် နည်းတူ ၁၃ ရာစုနောက်ပိုင်း ထိုင်း(ယိုးဒယား)တွင်လည်း ပေရွက်ပေါ်၌ ဆေးပန်းချီ ရေးခြယ်ကြောင်း မှတ်သားရပေသည်။ မြန်မာနိုင်ငံတွင်လည်း အနည်းနှင့် အများ ပေရေးပန်းချီများ ထွန်းကားခဲ့သည်ဖြစ်ရာ ဆက်လက် သုတေသနပြုရန် လိုပေသည်။

ပေရေးပန်းချီကို ဆက်လက်၍ ခြေရာခံခဲ့ရာ လွန်ခဲ့သည့် ၁၀ နှစ်ကျော်ခန့်က တောင်တွင်းကြီးမြို့ ပြတိုက်မှ ရန်ကုန်မြို့ အမျိုးသားစာကြည့်တိုက်သို့ ရွှေ့ပြောင်းသယ်ယူခဲ့သော ပေစာထုပ်များတွင် ပေရေး ပန်းချီ (ပေပေါ်တွင် သံကညစ်ဖြင့် အရုပ်ရေးဆွဲထားပုံအချို့) ကို မြင်တွေ့လိုက်ရကြောင်း ဆရာနန်းညွန့်ဆွေ က ပြောကြားဖူးသည်။ ယခုဆောင်းပါးကို ရေးသားရန် ပြင်ဆင်နေဆဲ ဩဂုတ်လ ၈ ရက်တွင် သတင်း ကောင်းတစ်ရပ် ထပ်မံရရှိပြန်သည်။

ယင်းသတင်းမှာ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက် ပေပုရပိုက်အစု 'လောကကွန်ချာကျမ်း' ပေမူတွင် ပေရေးပန်းချီ ၃၁ ချပ် ပါရှိကြောင်း လက်ထောက်စာကြည့်တိုက်မှူး ဒေါ်ကျော့ကျော့ကပင် သတင်းပေးပို့ရာ ဝမ်းမြောက်ဖွယ် ဖြစ်ပေသည်။ ကျွန်တော်တို့ ဆက်လက်၍ ခြေရာကောက်ပါက ဆေးရောင်စုံ ခြယ်သထား သည့် ပေရေးပန်းချီများကို တစ်နေရာမဟုတ် တစ်နေရာတွင် တွေ့နိုင်ဖွယ်ရှိပေသည်။ ။

ပြည်စိုး
ပန်ရပ်စုံမဂ္ဂဇင်း (စက်တင်ဘာ၊ ၁၉၈၆)

mgyoe.com

.com

# ပုရပိုက်ပန်းချီ

စာပေယဉ်ကျေးမှုအနုပညာနှင့်ပတ်သက်၍ အင်းဝခေတ်ကား ထူးခြားသော ခေတ်တစ်ခေတ်ဖြစ်သည်။

အင်းဝခေတ်တွင် "ပျို့" များ ပေါ်ထွန်းလာသည့် နည်းတူ ပုရပိုက်ပန်းချီများပေါ်ထွန်းလာခြင်းမှာ စိတ်ဝင်စားဖွယ်ဖြစ်သည်။ ပုရပိုက်ပန်းချီဆိုသည်မှာ ပုရပိုက်တွင် ရေးခြယ်သည့်ပန်းချီတစ်မျိုးဖြစ်သည်။ ပေရေးပန်းချီနှင့် နံရံပန်းချီများ ပေါ်ထွန်းလာပြီးသည့်နောက်ပိုင်းတွင်မှ ပေါ်ပေါက်လာခဲ့ခြင်းဖြစ်ရာ ရှေးရိုးမြန်မာပန်းချီ၏ ဒုတိယအဆင့်ဟူ၍ မှတ်ယူနိုင်ပေသည်။ မြန်မာတို့သည် အင်းဝခေတ်တွင်မှ ပုရပိုက်များကို စတင် စမ်းသပ်လုပ်ကိုင်ကြရာ ပုရပိုက်တွင်ပန်းချီရေးခြယ်မှုသည် အင်းဝခေတ်ထက်စောသည်ဟူ၍ မဆိုနိုင်ပေ။

## နန်းတွင်းသုံး

ရိုးရာပန်းချီသည် ရေးရိုးရေးစဉ်နံရံပေါ်တွင် ရေးခြယ်ခဲ့ရာမှ စက္ကူပေါ်သို့ပြောင်းလဲလာခဲ့ခြင်း ဖြစ်ပေသည်။ ပုရပိုက်ပန်းချီ ပေါ်ထွန်းသည့်ခေတ်သည် ပုဂံ ပျက်သုဉ်း၍ ရှမ်းအနွယ်များကြီးစိုးသည့် ခေတ်ဖြစ်သည်။ ဂုန်စက္ကူများကို ပုရပိုက်အဖြစ် တီထွင်စမ်းသပ်အသုံး ပြုရာတွင် ရေးဆွဲရသည်မှာ ဝန်ပေါ့ခြင်း၊ စာအုပ်အဖြစ် အသုံးပြုနိုင်ခြင်းများကြောင့်လည်း ဖြစ်ပေသည်။ မြန်မာတို့သည် ပုရပိုက်ကို စတင် စမ်းသပ်သုံးစွဲချိန်၌ တရုတ်နှင့် ဂျပန်တို့သည် စက္ကူကိုတီထွင်သုံးစွဲရေးခြယ်နေကြပေပြီ။ စက္ကူပေါ်တွင် သာမက ပိတ်နှင့်ပိုးဖျင်များပေါ်တွင်လည်း တရုတ်၊ ဂျပန်နှင့် တိဗက်ပန်းချီဆရာတို့သည် ပုံအမျိုးမျိုးကို ရေးကြခြယ်ကြဆဲ ဖြစ်ပေသည်။

အင်းဝခေတ်တွင် ပုရပိုက်ပန်းချီပေါ်ပေါက်လာသော်လည်း ပုရပိုက်ပန်းချီသည် လူထုလက်ထဲသို့ ရောက်ပုံမရသေးပေ။ ပုရပိုက်ပန်းချီကို နန်းတွင်း၌သာ စတင်အသုံးပြုဆဲဖြစ်သည်။ ထို့ကြောင့် စေတီပုထိုးတို့တွင် နံရံဆေးရေးပန်းချီလက်ရာများကို ကြိုးကြား ကြိုးကြား တွေ့ရဆဲဖြစ်ပါသည်။

mgyoe.com

 mgyoe.com 



အလောင်းတော် သိဒ္ဓတ္ထမင်းသား တောထွက်ခန်း ပုရပိုက်ရောင်စုံ ပန်းချီကားမှာ
အနုစိတ်သလောက် လက်ရာပိပြင်လှသည်၊ သရုပ်ပါလှသည် (ယခုအခါ ဗြိတိသျှစာကြည့်တိုက်တွင် ရောက်ရှိနေသည်)

## ကုန်းဘောင်ခေတ်

ကုန်းဘောင်ခေတ်တွင် ပုရပိုက်များကို တစ်စတစ်စ အသုံးများလာကြရာ ပုရပိုက်များသည် ပုံနှိပ်စာအုပ်အစား ရှေ့ပြေးစာအုပ်အဖြစ် တွင်ကျယ်လာလေသည်။ ဘုန်းတော်ကြီးများနှင့် ပညာသည်များက မှတ်စုများ ရေးသားရာတွင်လည်းကောင်း၊ ရေးဟောင်းကျမ်းများကို မူပွားရာတွင်လည်းကောင်း ယင်းပုရပိုက်များကို တစ်စ တစ်စ အသုံးပြုလာကြသည်။ ထို့ကြောင့် ဗုဒ္ဓစာပေနှင့် လောကီကြောင်းဆိုင်ရာစာပေများကို ပေထက်အက္ခရာ တင်ခဲ့ကြရာမှ ကုန်းဘောင်ခေတ်တွင် ပုရပိုက်များဖြင့် ကူးခြင်း၊ ရေးခြင်းများ ခေတ်စားလာသည်။ ပုရပိုက် တစ်ဆူသည် ပျမ်းမျှအားဖြင့် အနံရှစ်လက်မ၊ အလျား ၁၈ လက်မခန့် ရှိပေသည်။

အကြမ်းဖျင်းအားဖြင့် ပုရပိုက်နှစ်မျိုးရှိသည်။

ပုရပိုက်အနက်တွင် ရေးမြန်မာပန်းချီဆရာများသည် ကံ့ကူဆန်ဖြင့် တစ်ကြောင်းဆွဲ ကောက်ကြောင်းပုံကြမ်းများ၊ စနစ်ပုံမြေပုံနှင့် ပန္နက်ပုံများကို ရေးဆွဲလေ့ရှိကြပြီး ပုရပိုက်ဖြူတွင်မူ ဆေးရောင်စုံဖြင့် အကြောင်းအရာအမျိုးမျိုးကို ရေးခြယ်လေ့ရှိကြသည်။ ပဒေသရာဇ် ဧကရာဇ်တို့၏ခေတ်မျိုး၌ ပုရပိုက်ပန်းချီကို နန်းတွင်းမှတ်တမ်းတင်ပန်းချီဟု ခေါ်ဆိုနိုင်ပေသည်။

ရွှေနန်းတွင်း ပန်းချီတော်များသည် လွှတ်တော်မှ အမိန့်အရ အကြောင်းအရာအမျိုးမျိုးကို ပုရပိုက်ဖြူတွင် ဆေးပန်းချီခြယ်မှုန်း၍ မှတ်တမ်းတင်ကြရသည်။

"ရွှေတိုက်ဝန်၊ ရွှေတိုက်ကြပ်၊ ရွှေတိုက်စာရေးတို့ သီဟိုဠ်ကျွန်းသို့ သိမ်းပုံရေးပေးရန်၊ အင်္ဂလိပ် စက္ကူ ချပ်ရေ ၂၀၊ ခဲတံ ၁၊ ဟင်္သပဒါး–မြေဖြူ–မြေနီ မဲနယ် ၂ိ၊ ဆေးဒန်းတမာစေး ၂ိ၊ မင် ၂ိ စီနှင့် ဆေး

mgyoe.com

mgyoe.com



ကုန်းဘောင်ခေတ် ပုရပိုက်ပြုမှ ရှင်လောင်းလှည့်နေပုံ ပန်းချီကားသည် မြန်မာ့စရိုက် ပီပြင်လှသည်

ဖျော်ရန် ပန်းကန်လုံးရေ ၁၀ ကို သာသနာပြုဆရာတော်အမိန့်နှင့် တောင်းတော်မူသည်ဖြစ်၍ ရေးစေမည့်သူ ပန်းချီအမှုထမ်း ကျော်ထင်နော်ရထာထုတ်ယူလာလျှင် မှတ်သားထုတ်ပေးရမည်။ ၁၂၂၀ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက်နေ့ ပန်းချီအမှုထမ်း ကျော်ထင်နော်ရထာကိုအပ်" ဟူသော ဆင့်စာက သက်သေထူလျက်ရှိပေသည်။

**ပုရပိုက်အမျိုးမျိုး**

ပုရပိုက်အမျိုးမျိုးကို ရှေးပန်းချီတော်အစဉ်အဆက် ရေးခြယ်ခဲ့ကြရာ –

၁။ ရွှေနန်းလက်သုံးပုရပိုက်အမျိုးမျိုး (စော်ဘွား စော်ခံများအား ဘွဲ့တံဆိပ်၊ အဆောင်အရွက်၊ အစီးအနင်းပေးရာတွင် ရွှေနန်းလက်သုံးပုရ ပိုက်များကို မိတ္တူပွား၍ ပေးလေ့ရှိသည်)

၂။ ဆင်၊ မြင်းတို့၏ ကြန်အင်လက္ခဏာအမျိုးမျိုး

၃။ နေ၊ လ၊ နက္ခတ် စသည့် အာကာသ သျှတ္တရ ဆိုင်ရာအမျိုးမျိုး

၄။ ဇာတ်နိပါတ်အမျိုးမျိုး

၅။ ဗုဒ္ဓဝင်ဆိုင်ရာအမျိုးမျိုး

၆။ မြေပုံအမျိုးမျိုး၊ ပန္နက်ပုံအမျိုးမျိုး

၇။ ဇာတာတော်ပုံအမျိုးမျိုး

၈။ ပန်းအမျိုးမျိုး၊ ငါးအမျိုးမျိုး

၉။ ဓားရေး၊ လှံရေး၊ အဲမောင်းရေးအမျိုးမျိုး

၁၀။ ၁၂ ရာသီပွဲအမျိုးမျိုး

၁၁။ ထွက်တော်မူအခမ်းအနားအမျိုးမျိုး

၁၂။ မြင်းမိုရ်တောင်နှင့်တကွ ဘုံအဆင့်ဆင့်ကို ပြသည့်ပုံအမျိုးမျိုး

၁၃။ ဆင်များကို ကျုံးသွင်းပုံအမျိုးမျိုး

mgyoe.com

mgyoe.com

၁၄။ အပျိုတော်တစ်ရာ ပုရပိုက်

၁၅။ မောင်းမလက်သုံး ပုရပိုက်

၁၆။ ကနုတ်ပန်းအမျိုးမျိုး

၁၇။ ဖောင်တော်အမျိုးမျိုး

၁၈။ ဗေဒင်ဆိုင်ရာ ပုံအမျိုးမျိုး

နှင့်တကွ မြန်မာမှုအဖုံဖုံကို ရေးခြယ်ဖော်ပြထားသည့် ပုရပိုက်အမျိုးမျိုးရှိပေသည်။ ယင်းပုရပိုက်များအပြင် ကြေးပြားတွင် သံကညစ်ဖြင့် အရုပ်အမျိုးမျိုးကို ကောက်ကြောင်းများထွင်းကာ သရုပ်ဖော်ထားသည့် 'ကြေးပုရပိုက်များ' လည်း ရှိပေသည်။

## ရှေးနှင့်မျက်မှောက်

အထက်ဖော်ပြပါ ပုရပိုက်များအနက် ရွှေနန်းလက်သုံး ပုရပိုက်များသည် ထူးခြားစုံလင်၍ စိတ်ဝင်စားဖွယ်ကောင်းသည်။ ရွှေနန်းလက်သုံးပုရပိုက်များကို ရေးခြယ်ရာ၌ အဓိကအားဖြင့် နှစ်ပိုင်းရှိသည်။

ရှေးရိုးစဉ်လာ ထီးမှုနန်းရာကိစ္စရပ်များနှင့် မျက်မှောက်ခေတ် မင်းမှုူးမတ်တို့၏ ပြုမူဆောင်ရွက်ပုံ များကို နှစ်ပိုင်းခြား၍ ရေးခြယ်မှတ်တမ်းတင်ထားခြင်းမှာ ထူးခြားချက်တစ်ရပ်ဖြစ်သည်။

'သုနာပရန္တ၊ တမ္ဗဒီပ တိုင်းကြီးနှစ်တိုင်းတို့၏ အချက်အချာ ဦးစွန်းမကိုင်ရှုသဖွယ်ဖြစ်သော ၁၂ နှစ်တိုင်တိုင် တိုင်းနေပြည်သူတို့အား ညှဉ်းပန်းနှိပ်စက် နှောင့်ယှက်ဖျက်ဆီးသော ငှက်ကြီး၊ ကျားကြီး၊ ဝက်ကြီး၊



ရွှေနန်းလက်သုံး ပုရပိုက်မှ နန်းဝတ် တန်းဆာများကို မှတ်တမ်းတင်ထားပုံမှာ တိကျသေချာလှသည်

mgyoe.com

mgyoe.com
ရှူးပျံ၊ ဗိုးဟူသော ရန်သူငါးဦးတို့ကို စောမင်းနေနတ်ပျူမင်းမြတ်သည် ခွင်းသတ်အောင်မြင်ရာတွင် အရိမဒ္ဒနာ ဟူသော အမည်ဖြင့် ထင်ပေါ်ကျော်စောစွာသော ပေါက္ကံ ရာမပုဂံပြည်ကြီးတွင် ရှေးမင်းတို့ လက်ထက် သမီးတော်၊ တူမတော်၊ မြေးတော်တို့နှင့်တကွ မိဖုရားမောင်းမမိဿံတို့၌ ဆင်ယင်ထုံးမြိတ်ရိုး ဖြစ်သော ဆံထုံးတော် ၅၅ မျိုးနှင့်တကွ 'ဟူသော ရွှေနန်းလက်သုံး ပုံစံများ၏အစတွင် နိဒါန်းချီခဲ့ရာ သိသာ ထင်ရှား ပေသည်။

ရွှေနန်းလက်သုံးပုရပိုက်များကို အဂ္ဂမဟာ သေနာပတိဝန်ရှင်တော်အသည်ဝန် တိုင်တားမြို့စားမင်းကြီး မဟာသိဟသူရသည် မြောက်လှမြို့စား၊ နိုင်ငံခြားဝန်ထောက်မင်း မင်းကြီးသီရိမဟာဇေယျာသူသို့ ပေးအပ်ခဲ့ ရာမှ ကောဇာသက္ကရာဇ် ၁၂၄၂ ခုနှစ်တွင် နိုင်ငံခြားဝန်ထောက်မင်း မကျန်းမမာဖြစ်သဖြင့် ဝန်ထောက်တော် ဝက်မစွပ်မြို့စားမင်းကြီး မင်းထင်မဟာစည်သူကို ပေးအပ်ခဲ့ပေသည်။ ဝက်မစွပ်ဝန်ထောက်မင်း၏ မူကို ပညာရှင်များနှင့် ဗဟုသုတလိုလားသူများက အဆင့်ဆင့် ကူးယူ၍ မူပွားခဲ့ကြရာ ရှေးဟောင်းသုတေသန ဦးစီးဌာနတွင် ရွှေနန်းလက်သုံး ပုရပိုက် ငါးဆူတွဲတစ်စုံ ထိန်းသိမ်းထားပေသည်။

## ဒုတိယမူများ

မင်းတုန်းမင်းတရားကြီးလက်ထက်တွင် ရွှေနန်းတော်အတွင်းသားအဖြစ် အသိအမှတ်ပြု ချီးမြှင့်မြှောက် စားခြင်းခံရသူ ညောင်ရွှေစော်ဘွားကြီး ဆာစောမောင်သည် ပုရပိုက်တစ်စုံလက်ခံရရှိဖူးပေသည်။ ယင်း ပုရပိုက်တို့သည် နှစ်ကာလကြာညောင်း၍ ဟောင်းမြည့်လာခဲ့သည်တွင် နောင်လာနောက်ပွား အမျိုး လေးပါးတို့ မှတ်သားသိထင်စေရန်အတွက် စော်ဘွားကြီး ဆာစောမောင်က ပန်းချီဆရာများအား ထိုက် သင့်သည့် ဆုတော်ငွေများ ချီးမြှင့်၍ ထပ်မံရေးကူးစေခဲ့ရာမှ ဒုတိယမူပွားများ ပေါ်ထွက်လာခဲ့ပေသည်။

ပုရပိုက်အနက်တွင် စာပေကျမ်းဂန်များကို ရေးသားပြီး ဆက်ကပ်လှူဒါန်းကြသလို ဗုဒ္ဓဝင်ဆိုင်ရာ အခန်းကဏ္ဍများကို ပုရပိုက်ဖြူတွင် ဆေးပန်းချီခြယ်လှယ်ပြီး မင်းနှင့်ပြည်သူတို့က ရဟန်းတော်များအား ဆက်ကပ်လှူဒါန်းခဲ့သည့် အစဉ်အလာများလည်း ကုန်းဘောင်ခေတ်တွင် ထွန်းကားခဲ့သည်။ ၁၇၈၁ ခုနှစ် တွင် ဘိုးတော်ဘုရား နန်းတက်ပြီး မကြာမီ ဒုတိယမုံရွေး ဇေတဝန်ဆရာတော် 'အရိယာဝံသအာဒိစ္စရံသီ' သူမြတ်အား ဘိုးတော်ဘုရားက ရောင်စုံဗုဒ္ဓဝင်ဆေးရေးပုရပိုက်ကြီးတစ်ဆူ ဆက်ကပ်လှူဒါန်းကြောင်းကို မှတ်သားရပေသည်။

ပါတော်မူပြီး နောက်ပိုင်းမှအစပြု၍ ရှေးမြန်မာပန်းချီကျော်တို့၏ ပုရပိုက်များသည် အကြောင်း အမျိုးမျိုးဖြင့် ပြည်ပနိုင်ငံများသို့ ပျံ့နှံ့လျက်ရှိရာ အင်္ဂလန်နိုင်ငံ၊ ဗြိတိသျှပြတိုက်၊ ပြင်သစ်နိုင်ငံ မြူစီးဂီမေး ပြတိုက်နှင့် ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ ဟမ်းဘတ် အနုပညာပြတိုက်တို့တွင် ပြသထားသည့် မြန်မာ ပုရပိုက်မှ ပန်းချီလက်ရာများသည် စိတ်ဝင်စားဖွယ်ကောင်းပေသည်။ ။

မြည်စိုး
ပန်ရုပ်စုံမဂ္ဂဇင်း (ဩဂုတ်၊ ၁၉၈၆)

mgyoe.com

mgyoe.com

# ရေခဲခေတ် ပန်

မိုးလျှံ လောင်မြိုက်
ကပ်ဆုံးဆိုက်မည် ဆိုကြသည်။
ရေခဲလွှမ်းဖုံး
ကမ္ဘာသုဉ်းမည် ဆိုကြသည်။
. . . အဖျက်ကိစ္စ
သက်သက်မျှကား
စွမ်းအားရေခဲ ကြီးလှဘိ။

**[ အမေရိကန်ကဗျာဆရာ ရောဗတ်ဖရော့စ်တ် ]**

ရေခဲခေတ်သည် လွန်ခဲ့သောနှစ် ၁၇,၀၀၀ မှ ၃၀,၀၀၀ အကြားတွင် ဖြစ်ပေါ်ခဲ့သည်။ ရေခဲခေတ်သည် လူ့သမိုင်းတွင် ကျောက်ခေတ် တိုးတက်မှုကိုရပ်တန့်သွားစေခဲ့အောင် ဖြစ်ပေါ်ခဲ့သည်ဟု ပညာရှင်များက ယူဆခဲ့သော်လည်း ပြင်သစ်ပြည်တောင်ပိုင်းမှတူးဖော်ရခဲ့သော အနုပညာလက်ရာများအရ ကျွန်ုပ်တို့ ဘိုးဘေးဘီဘင်များ ဖန်တီးခဲ့သော အနုပညာ ပန်လက်ရာများမှာ အံ့ဖွယ်ပင်ဖြစ်နေပေသည်။

(၁)

ရှေးဦးလူသားတို့သည် လွန်ခဲ့သည့် နှစ်ပေါင်းသိန်း နှစ်ဆယ်ကျော်လောက်ကစ၍ ကျောက်လက်နက် ကိရိယာတန်ဆာပလာများကို တီထွင်လုပ်ကိုင် သုံးစွဲလာခဲ့ကြ၏။

လွန်ခဲ့သည့် နှစ်ပေါင်း သုံးသောင်းခွဲမှ တစ်သိန်း အကြားကာလတွင် ကမ္ဘာ၌ ရေခဲခေတ်ကြီး ဖြစ်ပေါ်ခဲ့သည်။ ရေခဲဟူသည် မီးတမျှ အဖျက်စွမ်းအားကြီးလှသည်ဖြစ်၍ ထိုခေတ်ကာလအတွင်း လူသားတို့၏

mgyoe.com

ဆင့်ကဲပြောင်းလဲမှုသည် ရပ်တန့်နေခဲ့လိမ့်မည်။ ထို ရေခဲခေတ်သည် လူသားတို့၏ ယဉ်ကျေးမှုထွန်းကားရေးဖြစ်စဉ်တွင် အမှောင်ဖုံးခဲ့သည့် ခေတ်ကာလကြီး ဖြစ်သည်ဟူ၍ မနုဿဗေဒပညာရှင်တို့ မှတ်ယူခဲ့ကြဖူးသည်။

စင်စစ်အားဖြင့်မူ နောက်ဆုံး ရေခဲခေတ်ကုန်ဆုံးသည့် လွန်ခဲ့သော နှစ်ပေါင်းခုနစ်ထောင်ကျော်မှ နှစ်ပေါင်းသုံးသောင်းခွဲခန့်အတွင်း ရာစုနှစ် ၂၅၀ ကျော် ခေတ်ကာလကြီးသည် လူ့ယဉ်ကျေးမှု ပျိုးခင်းကြီးပမာဖြစ်ခဲ့လေသည်။ နောက်ဆုံး ရေခဲခေတ်သည် လူသားတို့၏ တီထွင်ဖန်တီးမှုများ ပေါက်ကွဲနှုန်းဖြင့် ဖြစ်ပေါ်ထွန်းကားလာခဲ့သည့် ခေတ်ကာလပင်ဖြစ်လေသည်။

ထိုခေတ်ကာလအတွင်း ပေါ်ထွန်းခဲ့သည့် လူသားတို့သည် မျက်မှောက်ခေတ်လူသားတို့၏ ဘိုးဘေးဘီဘင်များ ဖြစ်လေသည်။ လူ့ယဉ်ကျေးမှု၊ လူ့နည်းပညာနှင့် လူ့ဘောင်စနစ်ကို ရှာဖွေတွေ့ရှိခဲ့သူများဖြစ်လေသည်။

မနုဿဗေဒတွင် ထိုလူသားမျိုးဆက်တို့ကို 'ခရိုမာ ညွှန်' လူသားဟူ၍ သတ်မှတ်သည်။ ထိုလူသားမျိုးနွယ်သစ်သည် ကမ္ဘာပေါ်၌ ယခင်ရှိပြီးဖြစ်သော နိယန်ဒါသယ် လူသားမျိုးနွယ်တို့ နေရာတွင် လွန်ခဲ့သည့် နှစ်ပေါင်း သုံးသောင်းခွဲခန့်မှ အစပြု၍ လွှမ်းမိုးအစားဝင်ခဲ့သူများ ဖြစ်သည်။

ထိုလူသားမျိုးနွယ်သစ်တို့သည် ကျောက်ဂူများ အတွင်း၌သာ နေထိုင်ခြင်း မပြုတော့ဘဲ အိုးအိမ်တည်ဆောက်ကြသည်။ ရုပ်ရွာထူထောင်ကြသည်။ ချက်ပြုတ် စားသောက်ကြသည်။ ဘဝတမလွန်၌ သက်ဝင်ယုံကြည်မှုဖြင့် သေခမ်းသေနား စီမံကြသည်။ အဆောင်အဖွဲ့ လက်ဝတ်တန်ဆာများကို ပြုလုပ်ကြသည်။ စာရေးခြင်းအတတ် အစပျိုးသော သင်္ကေတ အမှတ်အသားပြု ပညာတီထွင်ကြသည်။ ပန်းချီပန်းပုစသည့် အနုပညာများ ဖန်တီးကြသည်။

မျက်မှောက်ခေတ် လူသား၏ ဘိုးဘေးဘီဘင်များဖြစ်သော ထိုခရိုမာညွှန် လူသားတို့၏ လူမှုဓလေ့နှင့် ယဉ်ကျေးမှုအစုစုကို ဆက်စပ်ပြသသည့် ရေခဲခေတ် ပြပွဲများကို ၁၉၈၆ အတွင်း အမေရိကန်နိုင်ငံတွင် တခမ်းတနား ပြသခဲ့သည်။

ပြပွဲတွင် ရေခဲခေတ်လူသားတို့၏ အသုံးအဆောင်များနှင့် အနုပညာဖန်တီးချက်များကို အစုလိုက်


(၁)


(၂)

mgyoe.com

 mgyoe.com





ပုံ(၁) ရေခဲခေတ်ကို ဆိုဗီယက်ပြည်ထောင်စုတွင် ပြန်လည်တူးဖော်ခြင်း။

ပုံ(၂) လွန်ခဲ့သော နှစ် ၂၀၀၀၀ ကျော်က ဂူတစ်ခုအတွင်း တွေ့ရသည့် နွားရိုင်းပုံတူ ပုံ၏ လက်ယာဘက်မှ အစက်များမှာ နောင်အခါ စာရေးနည်း အခြေခံအတွက် လမ်းစများ ဖြစ်လာဟန်တူပေသည်။

ပုံ(၃) နှစ်ပေါင်း နှစ်သောင်းခွဲကျော်က ထုလုပ်ခဲ့သည့်မိန်းမရုပ်။ ရေခဲဆင်အစွယ်ဖြင့်ထုလုပ်ထားသည်။ ပြင်သစ်ပြည် ကျောက်လိုဏ်ဂူတစ်ခုမှ တွေ့ရသည်။

ပုံ(၄) အပဲလိုက်လက်နက်များကို ပစ်ခတ်ရာတွင် အကိုင်မြဲမြဲ အရှိန်ပြင်းပြင်း ပစ်လွှတ်နိုင်ရန်အတွက် လက်ကိုင်ရိုးအဖြစ် တပ်ဆင်အသုံးပြုသည့် သမင်ချိုရုပ်တု။ ပြောင်းရိုင်းရုပ်တုလုပ်ထားသော်လည်း နေရာမဆံ့၍ ဦးခေါင်းကို ကိုယ်လုံးပေါ်တွင် ကပ်တင်ထုလုပ်ထားသည်။ အမှတ်မဲ့ဆိုလျှင် လည်ပြန်ကြည့်နေသည့် ပြောင်ရိုင်းဟန် ပေါက်နေသည်။ နှစ်ပေါင်း ၁၃၀၀၀ ခန့်က လက်ရာဖြစ်သည်။

ပုံ(၅) ပြင်သစ်ပြည် ကျောက်လိုဏ်ဂူတစ်ခုအတွင်းမှတွေ့ရသည့် မိန်းမသား ပန်းပုရုပ်တု။ အမြင့် ၁၇ လက်မ ရှိသည်။ နှစ်ပေါင်း ၂၂၀၀၀ မှ ၃၀၀၀၀ အတွင်းက ထုလုပ်ခဲ့သည့် လက်ရာဖြစ်သည်ဟု ယူဆသည်။

ပုံ(၆) နှစ်ပေါင်း သုံးသောင်းခန့်က ပြင်သစ်ပြည်တွင် နေထိုင်သွားခဲ့ကြသည့် ရေခဲခေတ်လူသားများ၏ တူရိယာပစ္စည်းတစ်ခု။ တိရစ္ဆာန်ရိုးဖြင့် ပြုလုပ်ထားသည့် ပလွေဖြစ်သည်။ ပလွေတွင် အသံပေါက် မည်မျှပါဝင်ကြောင်း မသိရ။

ပုံ(၇) သဲကျောက်ဖြင့်ပြုလုပ်ထားသည့် ဆီမီးခွက်၊ ပြင်သစ်ပြည် "လာကော" ကျောက်လိုဏ်ဂူအတွင်းမှ တွေ့ရသည်။ အရှည် ၁၀ လက်မရှိသည်။ တိရစ္ဆာန် ဆီထည့်၍ မီးထွန်းသည်။ ကျောက်ဂူအတွင်း ပွဲလမ်းသဘင်ပြုလုပ်သည့်အခါ နံရံဆေးရေးပန်းချီများကို အလင်းရောင်ပေးရန် မီးထွန်းညှိဟန် တူသည်။

ပုံ(၈) အလျား သုံးလက်မသာရှည်သည့် မြင်းရုပ်။ နှစ်ပေါင်း ၁၄၀၀၀ က ထုလုပ်ခဲ့သည့် လက်ရာဖြစ်သည်။ လည်ဆံနှင့် ကိုယ်လုံးအမွေးအမှင်များကို စာခြစ်ရာများဖြင့် ဖော်ပြထားသည်။

mgyoe.com

mgyoe.com
အပြုံလိုက် စုံစုံစေ့စေ့ကြီး ပြသခဲ့သည်။

ပြပွဲအမည်မှာ 'လိုဏ်ဂူမှောင်မှောင်၊ ဉာဏ်ရောင် လင်းလင်း' ဖြစ်လေသည်။

(၂)

အဆောင်အဖွဲ့ လက်ဝတ်တန်ဆာ ပစ္စည်းများသည် ရေခဲခေတ်လူသားတို့၏ တီထွင်ဖန်တီးချက် တစ်ခု ဖြစ်သည်။ မော်စကိုမြို့အနီး ဆန်ဂါအရပ်တွင် နှစ်ပေါင်း နှစ်သောင်းကျော်က သင်္ဂြိုဟ်ခဲ့သည့် ရုပ်အလောင်း တစ်ခုကို တွေ့ရှိရသည်။ ရုပ်အလောင်းတွင် ပုတီးစေ့ အလုံးပေါင်း နှစ်ထောင်ကျော် သီထားသည့် ဝတ်စုံ ဝတ်ဆင်ပေးထားသည်။ ဆင်စွယ်ပုတီးအစေ့ အလုံး၄ါးဆယ်ပြုလုပ်ရန်အတွက် အနည်းဆုံး နာရီ တစ်ရာ ကျော် အချိန်သုံးစွဲရမည်ဟု ကျွမ်းကျင်သူတို့က ခန့်မှန်းကြသည်။

အသက်နှင့်ကိုယ် အိုးစားမကွဲရေးအတွက် အချိန်နှင့်အမျှ လုံးပန်းနေကြရသည့် လူမျိုးနွယ်များအဖို့ သာမန်အားဖြင့် ပုတီးတစ်လုံး ပြုလုပ်ရန်အတွက် နာရီပေါင်းများစွာ အချိန်ဖြုန်းတီးနိုင်ဖွယ်ရာအကြောင်း မရှိချေ။ သို့ဖြစ်ရာ အချိန်နာရီများစွာ သုံး၍ ပုတီးကုံး တစ်ကုံး ပြုလုပ်ခြင်းသည် လူမှုရေးရာ အဓိပ္ပာယ်များ စွာ ရှိနေကြောင်း ထင်ရှားလှသည်။ ရေခဲခေတ်ဆင်စွယ်များ၊ ပင်လယ်ခရုခွံများဖြင့် ပြုလုပ်ထားသည့် ပုတီးစေ့များကို ဝေးလံခေါင်သီသော ဒေသအနှံ့အပြား၌ တွေ့ရှိရခြင်းကြောင့် ပုတီးစေ့များသည် မျိုးနွယ်ချင်း သစ္စာခံမှု၊ အိမ်ထောင်ဖက် ရွေးချယ်မှုစသည့် လူမှုရေးကိစ္စများတွင် အရေးပါသည့် သင်္ကေတများ၊ အထိမ်း အမှတ်များ ဖြစ်ဖွယ်ရှိသည်ဟု ယူဆရသည်။

ခရိုမာညွန် လူသားမျိုးနွယ်တို့သည် ယင်းသို့သော အဆင်တန်ဆာများကိုသာမက ထွေပြား ဆန်းကြယ် သော အစက်အပြောက်များဖြင့် ခြယ်မှတ်ထားသည့် လဆန်းလဆုတ်ပြက္ခဒိန် စသည်တို့ကိုလည်း တီထွင်ခဲ့ ကြလေသည်။

ယင်းသို့ လူ့အသုံးအဆောင်ပစ္စည်းများ၊ အဆင် တန်ဆာများ ဖန်တီးစီမံခြင်း အတတ်သည် ရေခဲခေတ် လူသားတို့ကို အာရုံခံစားချက် ဖော်ထုတ်ဖန်တီးခြင်း အနုပညာအတတ်သို့ တက်လှမ်းစေနိုင်ခဲ့သည်။

ထိုခေတ် လူသားတို့သည် 'သားကောင် . . . ဟိုမှာ' ဆိုသည့် ခြေပြလက်ပြနှင့် ကိစ္စပြီးရသည့်အဆင့်မှ ကျော်လွန်ကာ တွေးဆချက်များ၊ အာရုံခံချက်များကို ဖွင့်ဟပြောဆိုနိုင်စွမ်းရှိသည့်အပြင် ဆင့်ပွားဖြန့်ဖြူးနိုင် သည့်အဆင့်၊ သရုပ်ဖော် မှတ်တမ်းတင်နိုင်သည့် အဆင့်အထိ တက်လှမ်းနိုင်ခဲ့သည်ဟု ပညာရှင်တို့ မှတ် ယူကြလေသည်။

ခရိုမာညွန် လူသားတို့သည် အသိအတတ်၊ အတွေ့ အကြုံစသော ရေးဟောင်းနှောင်းဖြစ်တို့ကို သက်ကြီးစကား သက်ငယ်ကြား ဆင့်ပွားဖြန့်ဖြူးရုံနှင့် ရောင့်ရဲ ခြင်းမရှိ။ မိမိတို့၏ထင်မြင်ချက်၊ ခံစားချက်၊ တွေးမြင်ချက်များကို အရှည်တည်တံ့အောင် ကြံဆောင်ခဲ့ကြသည်။ အနောက် ဥရောပဒေသ တစ်ဝှမ်းရှိ ကျောက်လိုဏ်ဂူပေါင်း ၂၀၀ ကျော်တွင် တွေ့ရှိရသည့် နံရံဆေးရေးပန်းချီများ၊ ကျောက်ပန်းပုရုပ်တုများ သည် ထိုကြံဆောင်ချက်မှ ပေါက်ဖွားလာခဲ့သည့် ရေခဲခေတ် ပန်းလက်ရာများ၊ အနုပညာဖန်တီးချက်များ ဖြစ်လေသည်။

ထိုရေခဲခေတ် ပန်းလက်ရာများကို ဖန်တီးရာ၌ ရေခဲခေတ် အနုပညာရှင်တို့သည် ကျောက်လိုဏ်ဂူများ၏ နံရံများတွင်သာမက ကျောက်လိုဏ်ဂူမျက်နှာကြက်များတွင်ပါ ဆေးရေးပန်းချီများ ရေးခြယ်ခဲ့ကြ၏။
mgyoe.com

mgyoe.com
ကျောက်လိုဏ်ဂူအချို့ရှိ နံရံဆေးရေးပန်းချီလက်ရာများအောက်၌ ကြိုးအရာများကို တွေ့ရှိခဲ့ရသဖြင့် ပန်းချီဆေးရေးရာတွင် ငြမ်းများဆင်ကာ ခက်ခက်ခဲခဲ လုပ်ဆောင်ခဲ့ကြကြောင်း ထင်ရှားလေသည်။

အသက်ရှင်နေရေးအတွက် အနိုင်နိုင်လုံးပန်းနေရ သည့် လူသားမျိုးနွယ်များအနေဖြင့် အနုပညာ ဖန်တီးမှုလုပ်ငန်းများတွင် ဤမျှ လုံ့လပယောဂစိုက်ထုတ်ခဲ့ကြသည်မှာ နားလည်ရန် အတန်ပင်ခက်သောကိစ္စဖြစ်သည်။ အကြောင်းမည်သို့ ရှိလေသနည်း။

ရှေးဟောင်းယဉ်ကျေးမှုပညာရှင်များက ကျောက်ဂူ ဆေးရေး နံရံပန်းချီများသည် အမဲလိုက်ရာ၌ သားကောင် ရလွယ်စေရန် ပြုလုပ်သည့် ဓာတ်ယတြာသဘောဖြစ်သည်ဟူ၍ ယူဆခဲ့ကြသည်။ ကျောက်နံရံတွင် ရေးခြယ်ထားသည့် သားကောင်ရုပ်ကို ပယောဂဆရာက သတ်ဖြတ်ဟန် ပြုခြင်းဖြင့် အမဲလိုက်ရာ၌ ကံကောင်းထောက်မနိုင်သည်ဟူသော သဘောဖြစ်သည်ဟု ယူဆခဲ့ကြသည်။

ကျောက်လိုဏ်ဂူ နံရံများပေါ်၌ ရေးခြယ်ထားခဲ့သည့် ပန်းချီဆေးရေး အရုပ်များအနက် သားရဲတိရစ္ဆာန်ရုပ်များစွာ ပါဝင်သည်မှန်သည်။ သို့ရာတွင် သတ်ဖြတ်ခံရဟန်၊ ဒဏ်ရာ ဒဏ်ချက်ရဟန်၊ သားရဲတိရစ္ဆာန်ရုပ်အရေအတွက်ကား ၁၅ ရာခိုင်နှုန်းမျှသာရှိလေသည်။ ကျောက်လိုဏ်ဂူနံရံဆေးရေးပန်းချီလက်ရာများသည် အမဲလိုက်လုပ်ငန်း ချောမွေ့အောင်မြင်ရေး ရည်ဆောင်ချက်အပြင် အခြား ရည်ဆောင်ချက်များလည်း မုချ ရှိရချေဦးမည်။

(၃)

ဥရောပတိုက် ဒေသအနှံ့အပြား၌ တွေ့ရှိရသည့် ရေခဲခေတ် ကျောက်လိုဏ်ဂူ နံရံဆေးရေးပန်းချီများသည် ထိုခေတ်လူသားတို့၏ ဘဝသရုပ်ဖော်မော်ကွန်းများ၊ ရိုးရာစဉ်လာ မှတ်တမ်းများ ဖြစ်သည်ဟု ပညာရှင်အများကပင် ယူဆကြသည်။

ရေသမင်ရုပ်များ၊ ပြောင်ရိုင်းရုပ်များ စသည်တို့သည် ထိုခေတ်မျိုးနွယ်စုတစ်စု၏ သမိုင်းဖြစ်စဉ်ဖြစ်ရပ်မှတ်တမ်းမော်ကွန်းကို ဖော်ညွှန်းပြသသည့် သရုပ်ဖော်ချက်တစ်ခု ဖြစ်နိုင်ပေသည်။ ထိုအရုပ်တို့သည် လွန်လေပြီးသောကာလက မျိုးနွယ်စု ခေါင်းဆောင်တစ်ဦး အမဲလိုက်စဉ် အသက်ဘေးမှ သီသီလွတ်ခဲ့ပုံအကြောင်း အချက် သို့မဟုတ် မိသားစုတို့ ငတ်လုတဲကာ ဖြစ်နေစဉ် ကံကောင်းထောက်မစွာ အမဲကြီးရလိုက်၍ အငတ်ဘေးမှ သီသီလွတ်ခဲ့ပုံ ဖြစ်ရပ်မှတ်တမ်းတို့ကို ဖွင့်ဖော်သည့် မျိုးနွယ်စု သမိုင်းမော်ကွန်းပမာ ဖြစ်သည်ဟူ၍ မှတ်ယူနိုင်ပေသည်။

ထိုမျိုးနွယ်စု မှတ်တမ်းပုံလွှာများ ရှေ့မှောက်၌ မျိုးနွယ်စု ခေါင်းဆောင်များက သွေးသစ်အားသစ် ဖြစ်သော လူငယ်လူရွယ်များအား လူလားမြောက်ဓာတ်သွင်းပေးသည့် သဘင်ပွဲလမ်း အခမ်းအနားများ ကျင်းပသည်ဟူ၍လည်း မှတ်ယူနိုင်သည်။

နံရံဆေးရေး ပန်းချီများရှိရာ ကျောက်ဂူများအတွင်း မီးကောင်ပေါက်အရွယ် ခြေရာအများအပြား တွေ့ရခြင်းကို ထောက်လျက် ထိုနေရာများသည် မျက်မှောက်ခေတ်က ပွဲရုံများပမာ လူငယ်လူရွယ်များ မြူးထူးပျော်ပါးရာဌာန ဖြစ်သည်ဟူ၍လည်း မှတ်ယူနိုင်သည်။

ရေခဲခေတ်ပန်းလက်ရာများ၌ အမဲလိုက်ကိစ္စအောင်မြင်ရေး ဦးတည်ချက်အပြင် အခြားဦးတည်ချက် များရှိသေးကြောင်း ထင်ရှားသည်။ ထိုပန်းလက်ရာများ၏ ပုံသေစနစ်နည်းနာ ခိုင်မြဲမှုကို ထောက်လျက်
mgyoe.com

mgyoe.com

သိသာနိုင်သည်။

ထိုခေတ် အနုပညာရှင်များသည် ပန်းချီပန်းပုကျောင်း တစ်ခုတည်း၌ သင်ကြားတတ်မြောက်လာကြသူများပမာ ဖြစ်သည်။ တိရစ္ဆာန်များ အနေအထား ရေးခြယ်မှု၊ အရောင်အသွေး ရေးခြယ်မှု၊ ကျောက်လိုဏ်ဂူ နံရံပေါ် နေရာသတ်သတ်မှတ်မှတ် ရေးခြယ်မှုစသည်တို့တွင် နံရံပန်းချီလက်ရာတိုင်းလိုလိုသည် တစ်သဘောတည်း၊ တစ်ချိုးတည်း၊ တစ်ထေရာတည်း ဖြစ်သည်။

ထိုသဘောသည် အမှုမဲ့အမှတ်မဲ့ ဖြစ်တည်လာသည့် ကိစ္စမဟုတ်။ တိုက်တိုက်ဆိုင်ဆိုင် ဖြစ်ပေါ်လာသည့် ကိစ္စမဟုတ်။ နက်နဲသော အဓိပ္ပာယ်ရှိသည်။ သိမ်မွေ့သော အညွှန်းရှိသည်။

စပိန်ပြည်မြောက်ပိုင်း အာလ်တာမီရာ ကျောက်လိုဏ်ဂူများရှိ နံရံဆေးရေးပန်းချီလက်ရာများကို လေ့လာလျှင် ရေခဲခေတ်တစ်လျှောက်လုံး ကျင့်သုံးခဲ့သည့် အနုပညာလက်ရာ ထားသိုဖွဲ့စည်းမှုစနစ်ကို မြင်တွေ့နိုင်သည်။ ထိုစနစ်အရ နံရံပန်းချီ လက်ရာတိုင်းလိုလိုတွင် တွေ့ရတတ်သည့် ပုံသွင်တစ်ခုမှာ ပြောင်ရိုင်းတစ်အုပ်ကို သမင်တစ်ကောင်၊ မြင်းတစ်ကောင်နှင့် တောဝက်ရိုင်းများက ဝန်းရံထားပြီး ထိုတစ်စုလုံးကိုအပြင်မှ ပြောင်ရိုင်းများက ထပ်ဆင့်ဝန်းရံထားသည့် ပုံသွင်ဖြစ်သည်။ အတွင်းပိုင်းမှ ပြောင်ရိုင်းများသည် သားဖွားမြင်နေသော ပြောင်ရိုင်းမများ ဖြစ်သည်ဟု ပညာရှင်တို့က ယူဆကြသည်။ မျိုးဆက်သစ်ကို ဖြန့်ဖြူးပေးသူ မိန်းမသားကို မျိုးနွယ်စုတစ်ခုလုံးက ပွဲပိုးဝန်းရံသည့် လူမှုရေးသဘောကို ပန်းချီပုံရိပ်ဖြင့် သရုပ်ဖော်ခြင်းဖြစ်သည်ဟု ကောက်ချက်ချနိုင်သည်။

ရေခဲခေတ် ဗီးနပ်စ်အချစ် နတ်မိမယ်ဟု တင်စားခေါ်ဝေါ်လေ့ရှိသည့် တင်သားကားကား၊ ရင်သားထွားထွားမိန်းမသား ပန်းပုရုပ်တုများကိုလည်း ဥရောပတိုက်အနှံ့ တွေ့ရသည်။ ထိုရုပ်တုများ၏ သက်တမ်းသည် အနည်းဆုံး နှစ်ပေါင်း နှစ်သောင်းခုနစ်ထောင်ကျော် ရှိပြီဟု ခန့်မှန်းကြသည်။

နံရံဆေးရေး ပန်းချီလက်ရာများ၌ မိန်းမသားပုံလွှာကို အထွတ်အမြတ်ထားသည့် ဓလေ့စနစ်နည်းနာကို အကြောင်းပြုလျက် ထိုမိန်းမသား ရုပ်တုများသည် သားဆုပန်အမှတ် သင်္ကေတ၊ မျိုးအောင်သားအောင် အမှတ်သင်္ကေတအဖြစ် မှတ်ယူသူတို့က မှတ်ယူကြသည်။ အချို့ဆရာတို့ကမူ အမဲလိုက်၊ သစ်သီးဝလံခူးဆွတ်စားသောက်ရသည့် ဘဝအဆင့်တွင် ရှိနေကြရသေးသည့် မျိုးနွယ်စုများအဖို့ လူတိုးပွားလာရခြင်းသည် ပါးစပ်ပေါက် တိုးပွားခြင်းဖြစ်၍ သားဆုပန်ရန်၊ မျိုးအောင်ရန်၊ သားအောင်ရန်ကိစ္စကို လိုလို ချင်ချင်ရှိမည်မဟုတ်။ ဒေသခြား မျိုးနွယ်စုချင်း ကူးလူးဆက်ဆံမှု၊ မိတ်ဖက်ဆွေဖက် အသိအမှတ်ပြုမှုဆိုင်ရာ အနုပညာ အမှတ်အသားသာ ဖြစ်နိုင်သည်ဟု တွေးထင်ကြသည်။

ကျောက်လိုဏ်ဂူများ အတွင်း၌ ဒရင်ကွေးပုံများ၊ ချွန်၊ တောင်းပုံများကို နေရာတိုင်းလိုလို၌ တွေ့ရ၍ အမျိုးမျိုးအဖုံဖုံ တွေးတောကြံဆကြ၏။ ကျောက်ဂူများ၌ မျိုးနွယ်စုပေါင်းများစွာ ဆုံတွေ့ချိန်တွင် အမှတ်အသား ဖော်ပြသည့် မျိုးနွယ်စု အမှတ်သင်္ကေတများ ဖြစ်သည်ဟု အချို့က ယူဆကြသည်။ အချို့ကမူ စာရေးသားမှု အမှတ်အသားများ ဖြစ်သည်ဟု ယူဆကြသည်။ ရှာဖွေတွေ့ရှိရသည့် အမှတ်သင်္ကေတ စုစုပေါင်းမှာ အမျိုး ၄၀ ကျော်အထိ ရှိသည်။

မျက်မှောက်ခေတ်လူသားတို့သည် လွန်ခဲ့သည့်နှစ်ပေါင်း သုံးသောင်းခွဲကျော် ရေခဲခေတ်ကြီး ကုန်ဆုံးစပြုချိန်တွင် ကမ္ဘာပေါ်၌ ပေါ်ပေါက်ဖြစ်တည်လာခဲ့သည့် ခရိုမာညွန် လူသားမျိုးနွယ်ဆက်ထံမှ ဘာသာစကားအတတ်၊ အနုပညာအတတ်၊ စုဖွဲ့နေထိုင်မှုအတတ်နှင့် စိတ်ပိုင်းဘဝ အတွေးအမြင်တို့ကို အမွေဆက်ခံခွင့်

mgyoe.com

 mgyoe.com 

ရရှိကြသည်ဟု ခံယူကြရပေမည်။

ရေခဲခေတ် လူသားတို့၏ ပန်းလက်ရာများအပေါ် အာရုံဝင်စား လေ့လာမှတ်သားနိုင်ရန် နယူးယောက်မြို့ပြပွဲမှ ပန်းလက်ရာအချို့ကို ရှေ့စာမျက်နှာများ၌ ဖော်ပြလိုက်ပါသည်။ ။

မောင်ဝန်ဝင်း

ပန်းရုပ်စုံမဂ္ဂဇင်း၊ အတွဲ ၅၊ အမှတ် ၁ (ဇန်နဝါရီ၊ ၁၉၈၇)

mgyoe.com

 mgyoe.com 

# သရုပ်ဖော်ပန်းချီ

(၁)

စာပေလောကတွင် သတင်းစာအရေးအသားတို့သည် ဂန္ထဝင်စာပေ အရာမဝင်ဘိသကဲ့သို့သော အဖြစ်ရောက်နေသည်။ အလားတူပင် ပန်းချီအနုပညာလောကတွင်လည်း စာနယ်ဇင်း သရုပ်ဖော်ပန်းချီလက်ရာတို့သည် သုခုမ အရာမဝင်ဘိသကဲ့သို့သော အဖြစ်တွင် ရောက်နေသည်။

ရှေးအခါကမူ ဤသို့ ခွဲခွဲခြားခြား သဘောထားမရှိခဲ့ချေ။ ခွဲခွဲခြားခြားလုပ်၍လည်း မဖြစ်ချေ။

ကမ္ဘာ့စာပေတွင် အင်္ဂလိပ်စာရေးဆရာကြီး ဒင်နီ ယယ်ဒီဖိုးရေးခဲ့သည့် သတင်းဖော်ပြချက်များသည် ဂန္ထဝင်စာပေ အရာဝင်လျက်ရှိသကဲ့သို့ မြန်မာစာပေတွင်လည်း ရတနာပုံသတင်းစာအယ်ဒီတာ ဖိုးဝဇီရ ရေးသားခဲ့သည့် သတင်းဖော်ပြချက်များသည် ဂန္ထဝင်စာပေအဖြစ်သို့ ရောက်လျက်ရှိသည်။

သရုပ်ဖော်ပန်းချီ၏ ရှေးခေတ်အနေအထားသည် လည်း အလားတူပင်ဖြစ်သည်။ လွန်ခဲ့သည့် နှစ်ပေါင်းများစွာက လက်ရေးစာမူများ၊ စာအုပ်စာတမ်းများတွင် သရုပ်ဖော်ပုံများအဖြစ် ရေးခြယ်ခဲ့သည့် ပန်းချီလက်ရာများသည် ပန်းချီအနုပညာသမိုင်းတွင် ဂန္ထဝင်မြောက် လက်ရာများအဖြစ်သို့ ရောက်ရှိနေလေသည်။

အနောက်ဥရောပတွင် ခရစ်ယာန်သာသနာ နေရောင်လရောင်ပမာ ထွန်းလင်းစည်ပင်ခဲ့စဉ်က သာသနာဝင် စာအုပ်စာတမ်းပေါင်းများစွာကို ရေးသားထုတ်ဝေခဲ့သည်။ ပုံနှိပ်လုပ်ငန်း ထွန်းကားခြင်း မရှိသေးသဖြင့် စာအုပ်များကို လက်ရေးစာမူများအဖြစ် ထုတ်လုပ်ခဲ့ရ၏။ ခရစ်ယာန်ဘုရားကျောင်းတိုင်း၌ စခရစ်တိုရီယမ်ခေါ် စာမူရေးဌာနများ ဖွင့်လှစ်ကာ သာသနာဝင် စာအုပ် စာတမ်းများကို ရေးသားခဲ့သည်။ စာမူရေးသားခြင်းနှင့်အတူ ထိုစာမူများတွင် ပန်းချီလက်ရာများဖြင့် သရုပ်ဖော်သည့်စနစ်ကိုလည်း တွင်ကျယ်စွာ အသုံးပြုခဲ့ကြလေသည်။

အင်္ဂလန်နိုင်ငံတွင် ခရစ်နှစ် ရှစ်ရာစုခန့်ကပင် လက်ရေးစာမူ သရုပ်ဖော်ပန်းချီများ ခေတ်စားထွန်းကားခဲ့သည်။ 'လင်ဒစ်ဖန် ကျမ်းစာ' သရုပ်ဖော် လက်ရေးစာမူသည် ထူးခြားထင်ရှားသော လက်ရာတစ်ခုဖြစ်သည်။

mgyoe.com